ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်၊ အင်္ဂါနေ့၊ (22-6-2004) (၄၂၇၂)

ပုဗ္ဗေ စ ကတ ပုညတာ၊ တော် မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရာနှုန်းပြည့်မိုး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ ကျေးလက်ဒေသအထိကွင်းဆင်းကာ လိုအပ်ချက်များ ဖြည့်ဆည်း

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ဖိဖိစီးစီး အကောင်အထည်ဖော်

မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေးကိုသာ တာဝန်ခံရန်မဟုတ်

ကျေးလက်ဒေသ သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်ရေးကိုပါ တာဝန်ယူဆောင်ရွက်

ရန်ကုန် ဇွန် ၂၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၀ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ မကွေးတိုင်း မကွေးမြို့သို့ နံနက် ၈နာရီခွဲတွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မကွေးလေဆိပ်မှ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဖော်မင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❀

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၁

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၃/၂၀၀၄)ကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၀ ရက်က နတ်မောက်မြို့ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror

၂၂-၆-၂၀၀၄
(အင်္ဂါနေ့)

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွား ဖော်ဆောင် ထူးချွန်ထက်မြက်သူများ ပြုစုပျိုးထောင်

ခေတ်မီတိုးတက်သည့် နိုင်ငံတစ်ခု တည်ထောင်ရာတွင် စက်မှု အတတ်ပညာရှင်များ၊ သိပ္ပံနှင့်နည်းပညာပိုင်းဆိုင်ရာ ပညာရှင်များ အပါအဝင် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလအချိန်အခါသည် သိပ္ပံနှင့်နည်းပညာရပ်များက ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအားလုံးကို လွှမ်းမိုးလာနေသော နည်းပညာခေတ် အချိန်အခါဖြစ်သည်။ ထို့ကြောင့် နည်းပညာတတ်သိကျွမ်းကျင်သော အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးစွမ်းအားစုများ တည်ဆောက်ထားရန် လိုအပ်လျက်ရှိသည်။

အမျိုးသားရေးစွမ်းအားစုများ၏ အခြေခံအကျဆုံးသော စွမ်းအားစုများမှာ ကျောင်းသူ၊ ကျောင်းသား လူငယ်လူရွယ်များ ဖြစ်ကြသည်။ ထို့ကြောင့် လူငယ်လူရွယ်များ ပညာရည်မြင့်မားရေး၊ စိတ်ဓာတ်ရေးရာ မြင့်မားခိုင်မာလာစေရေး လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇွန်လ ၁၄ ရက်နေ့က စစ်ကိုင်းတိုင်းအတွင်း မြို့နယ်များသို့သွားရောက်ပြီး ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးဖွယ်ရာရှိသည်များကို ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခရီးစဉ်အတွင်း မုံရွာတက္ကသိုလ်သို့ရောက်ရှိစဉ် ပါမောက္ခချုပ်နှင့် တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ သရုပ်ပြ၊ နည်းပြ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံရာတွင် **မိမိတို့တက္ကသိုလ်၊ ကောလိပ်များသို့ ရောက်ရှိလာသည့် ကျောင်းသူ၊ ကျောင်းသားများကို ဘာသာရပ်အလိုက် ကျွမ်းကျင်တတ်မြောက်အောင်၊ ထူးချွန်ထက်မြက်သူများဖြစ်အောင် သင်ကြားပေးရမှာဖြစ်သကဲ့သို့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာရေးကိုပါ အလေးထားလေ့ကျင့်ပေးကြရန်၊ ထို့အပြင် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားနှင့်ကိုက်ညီအောင် ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း** မှာကြားခဲ့သည်။

နိုင်ငံတော်က တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဟူသည့် အမျိုးသားရေးဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာရေးကို ဦးတည်ရည်မှန်းသည်။ ပညာရည်မြင့်မားပြီး အမျိုးသားရေး စိတ်ဓာတ် ခိုင်မာရင့်သန်သည့် နိုင်ငံသူ၊ နိုင်ငံသားများဖြစ်လာစေရန် ပညာရေးမြှင့်တင်မှု စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဆရာ၊ ဆရာမများ အပိုင်းကလည်း မိမိတို့၏ တပည့်ကျောင်းသူ၊ ကျောင်းသားလူငယ်များကို အသိအမြင်၊ ခံယူချက်များ မြင့်မားလာစေရန် အသိပညာပေးကြရမည်ဖြစ်သည်။ ငယ်ရွယ်နုပျိုစဉ်အချိန်ကတည်းက အမျိုးသားရေး အသိအမြင်၊ အတွေးအခေါ်များ စွဲထင်ကိန်းအောင်းလာစေရေး ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

သို့မှသာ နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် မျိုးချစ်အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ထွန်းလာမည်ဖြစ်သည်။ ယင်းသို့အမျိုးကိုချစ်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေမှသာ အမိပြည်ထောင်စုကြီး နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်မည်ဖြစ်သည်။

ယခုအခါ နိုင်ငံတကာတွင် သိပ္ပံနှင့်နည်းပညာရပ်များ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိသည်။ ယင်းသို့ တိုးတက်ပြောင်းလဲမှုများက ကမ္ဘာကြီး၏ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးကို လွှမ်းခြုံရိုက်ခတ်လျက်ရှိသည်။

ယင်းသို့ ပြောင်းလဲတိုးတက်မှုများ ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသည့်အချိန်အခါမျိုးတွင် အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ်လေ့လာသိရှိထားရန်လိုအပ်သည်။ တိုးတက်ဖြစ်ထွန်းလျက်ရှိသည့် သိပ္ပံနှင့်နည်းပညာရပ်များကို မိမိနိုင်ငံနှင့်လူမျိုး အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ရယူအသုံးပြုနိုင်မည့်အစီအမံများ ကြိုတင်ဆောင်ရွက် ထားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆရာ၊ ဆရာမများအားလုံးက ပညာရေးကဏ္ဍ၌ အမျိုးသားပညာရည်မြင့်မားရေး စွမ်းဆောင်လျက်ရှိရာတွင် အနာဂတ်နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ် တည်ဆောက်နိုင်မည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေး စနစ်တကျပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စေတနာရှင်များက ဆေးရုံသုံးပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၁

ဩစတြေးလျနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံရုံး၊ Global Aid Net Work Australia (GAIN)၊ Yeshua Net Work International Brisbane **အဖွဲ့၊** St. Frence Cabrini Private Hospital Melbourne **နှင့် စေတနာရှင်များက ငွေကျပ် ၁၈၇၅ သိန်းခန့်တန်ဖိုးရှိ ကျောက်ကပ်ဆေးစက်အလုံး ၄၀၊ လူနာသုံး ဟိုက်ဒရောလစ်ခုတင် ၆၂ လုံးနှင့် အခြားဆေးရုံသုံး ပစ္စည်းမျိုးစုံနှင့် အဆိုပါ ပစ္စည်းများသယ်ပို့ရာတွင်အသုံးပြုရန် အမျိုးသားကျန်းမာရေးကော်မတီသို့ အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ရိပ်သာ၌ ကျင်းပသည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ တပ်မတော်ထောက်လှမ်းရေး ဌာနချုပ်ရုံးမှ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဩစတြေးလျနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံရုံးမှ သံမှူးကြီး ဦးကျော်အေးက ဆေးရုံသုံးပစ္စည်းများနှင့် အဆိုပါပစ္စည်းများ သယ်ပို့ရာတွင် အသုံးပြုရန် သံမှူးကြီး ဦးကျော်အေးနှင့် စေတနာရှင်များက အမျိုးသားကျန်းမာရေးကော်မတီသို့ လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ တို့ကိုပေးအပ်ရာ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ယင်းနောက် အလှူရှင်များကိုယ်စား ဩစတြေးလျနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံရုံးမှ သံမှူးကြီး ဦးကျော်အေးက ဆေးရုံသုံးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရခြင်းအကြောင်းကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ဆေးရုံသုံးပစ္စည်းများနှင့် အမျိုးသား ကျန်းမာရေးကော်မတီသို့ လှူဒါန်းငွေများကို ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဩစတြေးလျနိုင်ငံ ဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံရုံးနှင့် စေတနာရှင်များက ဆေးရုံသုံးပစ္စည်းများနှင့် အဆိုပါပစ္စည်းများ သယ်ပို့ရာတွင်အသုံးပြုရန်အတွက်အမျိုးသားကျန်းမာရေးကော်မတီသို့ အလှူငွေကျပ်သိန်း ၁၀၀ပေးအပ်လှူဒါန်းပွဲတွင် ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ဆေးရုံသုံးပစ္စည်းများနှင့် အမျိုးသားကျန်းမာရေး ကော်မတီသို့ လှူဒါန်းငွေများကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ဩစတြေးလျနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးနှင့် စေတနာရှင်များက ဆေးရုံသုံးပစ္စည်းများနှင့် အဆိုပါပစ္စည်းများသယ်ပို့ရာတွင် အသုံးပြုရန်အတွက် အမျိုးသားကျန်းမာရေးကော်မတီသို့ အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲတွင် ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းသို့ ဩစတြေးလျနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံရုံးမှ သံမှူးကြီး ဦးကျော်အေးက ဆေးရုံသုံးပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ အစည်းအဝေး (၂/၂၀၀၄)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းရာတွင် ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)က နာယကအဖြစ် ပါဝင်ပြီး ဥက္ကဋ္ဌသစ်အဖြစ် မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမားဟောင်း ဒေါက်တာရဲနိုင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးဇော်မင်း၊ ဦးနေဝင်းထွန်းနှင့် ဒေါက်တာဝင်းဇော်၊ ဘဏ္ဍာရေးမှူး ဒေါက်တာကျော်ကျော်မိုး၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးဇော်လွင်၊ စာရင်းစစ် ဦးမြင့်အောင်၊ အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန)၊ တွဲဖက်အတွင်းရေးမှူး ဦးထိန်ဝင်းမြင့်(ဦးစီးအရာရှိ၊ အားကစားနှင့် ကာယပညာဦးစီးဌာန)နှင့် အမှုဆောင် ၂၂ ဦးတို့ ပါဝင်သည်။

ဆက်လက်၍ ၂၀၀၄ ခုနှစ်အတွင်း ကျင်းပရန်လျာထားသည့် ပြည်တွင်းပြိုင်ပွဲများကို လည်းကောင်း၊ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ကြားထားသည့် အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုပြိုင်ပွဲများကိုလည်းကောင်း အမှုဆောင်အဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)က ဥက္ကဋ္ဌသစ် ဒေါက်တာရဲနိုင်ဝင်းထံ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်သည်။(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပသော ဇွန်လ ဂေါက်ရိုက်ပြိုင်ပွဲကို ဇွန် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(သတင်းစဉ်)

နှုတ်ဆက်

မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ် အမှုဆောင် အစည်းအဝေး(၂/၂၀၀၄) တွင် မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ရဲမှူးကြီး ခင်မောင်ထွန်း (ငြိမ်း)က အဖွဲ့ချုပ်ဥက္ကဋ္ဌသစ် မြန်မာ့လက်ရွေးစင်ကရာတေးဒို အားကစားသမားဟောင်း ဒေါက်တာရဲနိုင်ဝင်းအား ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးပြီး နှုတ်ဆက်စဉ်။

(မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်)

အမျိုးသားညီလာခံ ကျောင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေပေးအပ်ပွဲ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်သူများအတွက် အလှူငွေပေးအပ်ပွဲနှင့် လေပြင်းဒဏ်သင့် ရခိုင်ပြည်နယ်မှ ညီလာခံ ကိုယ်စားလှယ်များအား ကူညီထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် အမျိုးသားတစ်ရပ်လုံး၏ အရေးအကြီးဆုံး အရေးအရာပင်ဖြစ် ရပ်နီးရပ်ဝေးမှ တိုင်းရင်းသားပြည်သူများ၏ ထောက်ခံပေးပို့သောစာများ တဖွဲဖွဲရောက်ရှိနေ လုပ်အား၊ ပစ္စည်းအား၊ ငွေအားဖြင့် ပံ့ပိုးကူညီကြသည့် စေတနာရှင်ပြည်သူများအား အထူးကျေးဇူးတင်

ရန်ကုန် ဇွန် ၂၁

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေပေးအပ်ပွဲ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များက ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်သူများအတွက် အလှူငွေပေးအပ်ပွဲနှင့် လေပြင်းဒဏ်သင့် ရခိုင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ်များအား ကူညီထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံ ကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီရုံးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းအလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊အမျိုးသားညီလာခံ အစုအဖွဲ့များမှ သဘာပတိ အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်သူများအတွက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်မှ လှူဒါန်းငွေကျပ် ၁၇၂၀၀၀၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ လှူဒါန်းငွေကျပ် ၁၂၂၀၀၀၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီမှ လှူဒါန်းငွေကျပ် ၃၈၂၀၀၀ နှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ စုပေါင်းလှူဒါန်းသည့်ငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၁၉၀၄၆၅၀၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၅၈၀၆၅၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသို့ ပေးအပ် လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်တွင် လေပြင်းဒဏ်သင့်ခံရပြီး မိမိပိုင်လုပ်ငန်းများ အများအပြား ထိခိုက်ဆုံးရှုံးခဲ့ရသည့် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်ငါးဦးတို့အား ညီလာခံ ကိုယ်စားလှယ်များက ကူညီထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြရာ ညီလာခံကိုယ်စားလှယ် ဇေကမ္ဘာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် မိသားစုက ထောက်ပံ့လှူဒါန်းငွေကျပ် ငါးသိန်းကို လည်းကောင်း၊ A.C.E ဆောက်လုပ်ရေး ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဦးတင့်ဆန်းက ထောက်ပံ့လှူဒါန်းငွေကျပ် ငါးသိန်းကိုလည်းကောင်း စုစုပေါင်းငွေကျပ် ၁၀ သိန်းကို လေပြင်းဒဏ်သင့် ရခိုင်ပြည်နယ်မှ ညီလာခံ ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးလှအောင်၊ ဦးကျော်နု၊ ဦးရွှေမန်းတင်၊ ဦးခင်မောင်သိမ်းနှင့် ဦးထွန်းလှတို့အား ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဦးအောင်ဇော်ရဲမြင့် မိသားစုက ငွေကျပ် ၅၀၀၀၀၀၊ ဦးဌေးမြင့်(ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)က အမျိုးသားညီလာခံတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ငွေကျပ် ၁၅၀၀၀၀၀ နှင့် ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ ငါးပိသယာချိန် ၂၅၀၊ ပေါင်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၊ ဦးတင့်ဆန်း (အုပ်ချုပ်မှုဒါရိုက်တာ၊ A.C.E. ဆောက်လုပ်ရေးကုမ္ပဏီ) က ငွေကျပ် ၈၀၀၀၀၀၊ ဒေါက်တာခင်ရွှေ (ဥက္ကဋ္ဌ၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်)က ငွေကျပ် ၅၀၀၀၀၀၊ ဦးဝင်းအောင်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❁

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လက်ခံယူစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လက်ခံယူစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်သူများအတွက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်မှ လှူဒါန်းငွေများ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ လှူဒါန်းငွေများ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီမှ လှူဒါန်းငွေများနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ စုပေါင်းလှူဒါန်းသည့် ငွေနှင့် ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ အမျိုးသားညီလာခံ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လက်ခံယူစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်တွင် လေပြင်းဒဏ်သင့်ခံရပြီး မိမိပိုင်လုပ်ငန်းများ အများအပြား ထိခိုက်ဆုံးရှုံးခဲ့ရသည့် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ညီလာခံ ကိုယ်စားလှယ်များက ကူညီထောက်ပံ့ငွေများကို ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❀ စာမျက်နှာ ၃ မှ

(ဥက္ကဋ္ဌ၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က)က ငွေကျပ် ၅၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီးအား အမှူးထား၍ ရန်ကုန်တိုင်းအတွင်းရှိ ခြင်ဆေးခွေလုပ်ငန်းရှင်များဖြစ်ကြသော မင်းသား၊ မော့စ်ဖလိုင်း၊ ဂိုး၊ ဂျမ်ဘိုနှင့် ဖိုက်တာတို့က ငွေကျပ် ၄၁၂၈၀၀ တန်ဖိုးရှိ ခြင်ဆေးခွေ ၂၃၂၀ဘူး၊ ဦးဝင်းမြင့် (ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရွှေနဂါး ကုမ္ပဏီလီမိတက်)က ငွေကျပ်၃၀၀၀၀၀၊ ဦးညိုမင်း (ဥက္ကဋ္ဌ၊ မင်းဇာနည်ကုမ္ပဏီလီမိတက်)က ညီလာခံတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ ငါးပိသား ၂၅၀၊ ဒေါက်တာဇော်ဝင်းမြင့် (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်)က ငွေကျပ် ၃၂၀၀၀၀တန်ဖိုးရှိ ဘဲဥအလုံး၁၀၀၀၀၊ ဒေါက်တာကိုကိုကြီး (အုပ်ချုပ်မှုဒါရိုက်တာ၊ ဒိုင်းမွန်းစတား ကုမ္ပဏီလီမိတက်)က ငွေကျပ်၂၀၀၀၀၀နှင့် ငွေကျပ်၃၀၀၀၀၀တန်ဖိုးရှိ ဆေးပစ္စည်းများ၊ ဦးလှပို(ဌာနမှူး၊ တိရစ္ဆာန် ဆေးကုနှင့် သားသတ်ရုံများဌာန)က ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ ဆိတ်သားပိသာ ၁၀၀၊ ဦးစိန်သစ် (TOSTA Group Ltd)က ငွေကျပ် ၃၀၀၀၀၀၊အမျိုးသမီးကဏ္ဍဖွံ့ဖြိုးမှု သင်တန်းအမှတ်စဉ်(၇)မှ ငွေကျပ်၆၀၀၀၀နှင့် သင်တန်းအမှတ်စဉ် (၈)မှ ငွေကျပ် ၅၀၀၀၀ စုစုပေါင်း ငွေကျပ်၁၁၀၀၀၀တို့ကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ချမ်းသာအောင်မြင် အုပ်ချုပ်မှုဒါရိုက်တာ ဦးချမ်းသာနှင့် ဒါရိုက်တာဒေါ်ဥမ္မာမြင့်တို့က ငွေကျပ် ၁၉၅၀၀၀တန်ဖိုးရှိ စည်သူငြိမ်းအေးရေးသားသည့်“စတုတ္ထရွှေပြည်သစ်ဆီသို့” စာအုပ် ၁၃၀၀၊ တိုင်းရင်းသား ညီလာခံ ကိုယ်စားလှယ် သဒ္ဒမ္မဇောတိကဓဇ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်က ငွေကျပ် ၁၀၈၀၀၀ တန်ဖိုးရှိ “သူ့အကြောင်း၊ သူ့ဘဝ၊ သူ့ဓမ္မ” စာအုပ်၉၀၊ အသိပညာရှင်၊ အတတ်ပညာရှင် ညီလာခံကိုယ်စားလှယ် ဦးဉာဏ်လွင်နှင့်ဇနီး ဒေါ်ဌေးဌေးရွှေဘုရင်ဆေးတိုက်တို့က ငွေကျပ် ၃၄၈၀၀၀တန်ဖိုးရှိ တိုင်းရင်းဆေးများ၊ ဒါရိုက်တာ ဇွန်မောင်မောင် (အောင်တမန် ဆေးဝါးထုတ်လုပ်ရေးမိသားစု)က ငွေကျပ် ၈၇၂၀၀တန်ဖိုးရှိ တိုင်းရင်းဆေးများ၊ အသိပညာရှင်၊ အတတ်ပညာရှင် ညီလာခံကိုယ်စားလှယ် ဒေါက်တာကျော်ဝင်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း)က ငွေကျပ် ၇၆၈၀၀တန်ဖိုးရှိ မိန်းမစီး စက်ဘီး တစ်စီး၊တစ်ခါသုံးဆေးထိုးအပ်၊ တစ်ခါသုံး လက်အိတ်နှင့် ဓာတ်ဆားထုပ်များကို ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၁)ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ခင်အောင်မြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်သည်။

ယနေ့ အခမ်းအနားတွင် ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်သူများအတွက် လှူဒါန်းငွေနှင့် ပစ္စည်းများမှာ တန်ဖိုးငွေကျပ်၂၅၈၀၆၅၀၊ ရခိုင်ပြည်နယ်တွင် လေပြင်းဒဏ်သင့်ခံရပြီး မိမိပိုင်လုပ်ငန်းများ အများအပြားထိခိုက်ဆုံးရှုံးခဲ့ရသည့် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်ငါးဦးတို့အား ညီလာခံကိုယ်စားလှယ်များက ကူညီထောက်ပံ့ငွေမှာ ငွေကျပ် ၁၀သိန်းနှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင်အလှူရှင်များကပေးအပ်လှူဒါန်းသည့် အလှူငွေနှင့် ပစ္စည်းများမှာ တန်ဖိုးငွေကျပ် ၇၄၅၇၈၀၀ဖြစ်သည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင် ဇေကမ္ဘာ ကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးက ကျေးဇူးတင်စကားပြောကြားသည်။

ပြည်ထောင်စုစိတ်ဓာတ်

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကျေးဇူးတင်စကားပြောကြားရာတွင် ရခိုင်ပြည်နယ်၌ လေပြင်းဒဏ်ခံရသည့် ပြည်သူများအတွက်လည်းကောင်း၊ လေပြင်းဒဏ်သင့် ရခိုင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ်များအား လည်းကောင်း၊ ညီလာခံကိုယ်စားလှယ်များက ကူညီသော ထောက်ပံ့လှူဒါန်းငွေများ ပေးအပ်ကြခြင်းသည် တိုင်းရင်းသား ညီအစ်ကိုချင်း တစ်ဦးတွင် အခက်အခဲဒုက္ခကျရောက်ပါက တစ်ဦးက စာနာကူညီထောက်ပံ့မှုသည် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို ဖော်ပြခြင်းပင် ဖြစ်ကြောင်း၊ လေပြင်းဒဏ်သင့်၍ လုပ်ငန်းများထိခိုက်ဆုံးရှုံးခဲ့ရသည့် ညီလာခံကိုယ်စားလှယ်ငါးဦးသည် မိမိတို့တွင် အခက်အခဲများကြုံတွေ့နေရသည့်ကြားမှ အမျိုးသားညီလာခံစုံညီအစည်းအဝေးနှင့် အစုအဖွဲ့အလိုက်အစည်းအဝေးများသို့ တက်ရောက်လျက်ရှိနေကြသည်မှာ မိမိကိုယ်ကျိုးကို စွန့်လွှတ်ပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အမျိုးသားရေးတာဝန်ကိုကျေပွန်စွာထမ်းဆောင်နေခြင်းဖြစ်၍ အထူးပင် ဂုဏ်ပြုချီးကျူးအပ်ပါကြောင်း။

ထောက်ခံပေးပို့

အမျိုးသားညီလာခံသည် အမျိုးသားတစ်ရပ်လုံး၏ အရေးအကြီးဆုံးအရေးအရာပင်ဖြစ်၍ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရပ်နီး၊ ရပ်ဝေးမှ တိုင်းရင်းသားပြည်သူများ၏ ထောက်ခံပေးပို့သောစာများ နေ့စဉ်နှင့်အမျှ တဖွဲဖွဲရောက်ရှိနေကြောင်း၊ မိမိတို့အားလုံးအနေဖြင့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပသွားရန် သန္နိဋ္ဌာန်ချထားကြပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်အား၊ ပစ္စည်းအား၊ ငွေအားတို့ဖြင့် ပံ့ပိုးကူညီကြသည့် စေတနာရှင်ပြည်သူများ၊ ကိုယ်စားလှယ်ကြီးများအားလုံးတို့ကို အထူးပင် ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားပြီးအခမ်းအနားကို ညနေ၃နာရီ၁၀မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံ ကိုယ်စားလှယ်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ “ရွှေဝါဝင်း” အငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား “ရွှေဝါဝင်းအငြိမ့်”ဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် ဇွန် ၂၁

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဇွန် ၂၀ ရက် ည ၇ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်“ရွှေဝါဝင်းအငြိမ့်”ဖြင့် ဖျော်ဖြေတင်ဆက်ရာအမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် “ရွှေဝါဝင်းအငြိမ့်”ဖြင့် ဖျော်ဖြေတင်ဆက်ရာသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်ရာတွင် ခေါင်းဆောင်မင်းသမီး အေးအေးမော်က “မြန်မာ”၊“မေတ္တာပေးဝေခြင်း”၊ “ဖွံ့ဖြိုးဝေစည်တိုင်းရွှေပြည်”နှင့် “ညှိနှိုင်းဆွေးနွေးကြမည်” သီချင်းတို့ ဖြင့်လည်းကောင်း၊ ရှေ့ထွက်မင်းသမီး ရွှေရည်ဝင်းက “ပြည်မြန်မာ”၊“ပြည်သူ့ရင်သွေး”၊“ပါးမှာနံ့သာ၊ ခါးမှာပဝါ”နှင့် “ဂုဏ်ပြုလိုက်ပါသည်”၊ “မြတ်သောမြန်မာ” သီချင်းတို့ဖြင့်လည်းကောင်း၊ ဆိုင်းပညာရှင်ကျော်စိုးဟန်(ခေါ်)မြင့်ဆန်းကျော် ဦးဆောင်သော ဗဟိုမီးသတ် ဆိုင်းအဖွဲ့နှင့်တွဲဖက်၍ လူရွှင်တော်များဖြစ်ကြသော မန်းကျော်၊ စံမိုး၊ ဓာတ်လင်း၊ စူပါ၊ ရာဇာစံလင်းတို့နှင့်အတူ သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်ကြသည့် “ရွှေဝါဝင်းအငြိမ့်”အဖွဲ့မှ အနုပညာရှင်များအား အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌကချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို ဥက္ကဋ္ဌကိုယ်စား အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လည်းကောင်း၊ အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ရန်ကုန်တိုင်းကိုယ်စားလှယ် ဒေါက်တာခင်ရွှေ (ဇေကမ္ဘာ)က ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြရာ အနုပညာရှင်များ ကိုယ်စား အုပ်ချုပ်သူ ဂီတစာဆို ဦးဂမုန်းက လက်ခံရယူသည်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

“ရွှေဝါဝင်းအငြိမ့်”မှ အနုပညာရှင်များအား အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဇွန် ၂၁ရက်က အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၈)၌ကျင်းပရာ အလှည့်ကျသဘာပတိ မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်း–ကျော်ဖုံး) (သတင်းစဉ်)

ဒေးဒရဲမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၁

ဒေးဒရဲမြို့နယ်သူမြို့နယ်သား အသင်းသူအသင်းသားတို့က ဂုဏဝိသေဋ္ဌပူဇာ မင်္ဂလာ ကျင်းပပူဇော်ပွဲ အခမ်းအနားနှင့် ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပမြဲဖြစ်သည့် တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဒေးဒရဲမြို့နယ်အသင်းဓမ္မာရုံကျောင်းတော်ကြီးအား ရေစက်ချလှူဒါန်းခြင်း မင်္ဂလာ အခမ်းအနားတို့ကို ၅၇၊ အာဇာနည်လမ်း ဗဟန်းမြို့နယ်ရှိ ဒေးဒရဲမြို့နယ်အသင်း ဓမ္မာရုံကျောင်းတော်ကြီးတွင် ဇူလိုင်၂၅ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီ၌ ကျင်းပမည်ဖြစ်ပါ၍ ဒေးဒရဲမြို့နယ်သူမြို့နယ်သားများ၊ အသင်းသူအသင်းသားများ ကြွရောက်ကြရန်နှင့်လှူဖွယ်ပစ္စည်းများ၊ အလှူငွေများကို နီးစပ်ရာ အသင်းအမှုဆောင်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

တိုက်ပွဲအတွင်း သေဆုံးသွားသော အီရတ်အရပ်သားများကို ဗြိတိသျှတပ်ဖွဲ့ဝင်များ ရက်ရက်စက်စက် ဖျက်ဆီးခဲ့ဟုဆို

လန်ဒန် ဇွန် ၂၀

လွန်ခဲ့သည့်လကအီရတ်အရပ်သားများ၏ အလောင်းများကို ဗြိတိသျှတပ်ဖွဲ့ဝင်များက ရက်ရက်စက်စက် ဖျက်ဆီးခဲ့သည်ဆိုသော သတင်းများနှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံက စုံစမ်းစစ်ဆေးနေကြောင်း ဗြိတိန်ကာကွယ်ရေး ဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

ငြင်းဆန်

အီရတ်နိုင်ငံတောင်ပိုင်း မာဂျာအယ်ကာဘီဟာမြို့အနီးတွင် မေလ ၁၄ ရက်က ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် အီရတ်အရပ်သားများ၏ အလောင်းများကို ရက်ရက်စက်စက် ဖျက်ဆီးခဲ့သည်ဆိုခြင်းကို ဗြိတိန်နိုင်ငံက ပြတ်ပြတ်သားသားငြင်းဆန်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

စုံစမ်းစစ်ဆေး

ရရှိထားသည့် သက်သေအထောက်အထားများကို မိမိတို့ စုံစမ်းစစ်ဆေးနေကြောင်း၊ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ တရားဝင် စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း၊ သို့ရာတွင် ယခုလောလောဆယ်၌ အဆိုပါ ဖြစ်ရပ်မျိုးဖြစ်သည်ကို ယုံကြည်ရန် အကြောင်းမရှိကြောင်း ၎င်းကပြောသည်။

အမိန့်ထုတ်ပြန်

သေဆုံးသူများ၏ မိသားစုများက တရားဝင်တိုင်တန်းလွှာများ တင်ပြခဲ့ပြီးနောက် ထပ်မံစစ်ဆေးရန် အလောင်းအချို့ကို ပြန်ဖော်ရန် အီရတ်တရားသူကြီးတစ်ဦးက အမိန့်ထုတ်ပြန်ခဲ့ကြောင်း ဆန်းဒေးတယ်လီဂရပ်ဖ် သတင်းစာက ဖော်ပြခဲ့သည်။

ဖော်ပြ

ပြန်ဖော်ခဲ့သည့် အလောင်းများတွင် ဒဏ်ရာဒဏ်ချက်များကို တွေ့ရှိရကြောင်း အဆိုပါ အလောင်းများကို စစ်ဆေးခဲ့သည့် ဆရာဝန်များက ပြောကြားသည်ဟု သတင်းစာက ဖော်ပြထားသည်။

အဆိုပါ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ဖမ်းဆီးရမိသည့် အကျဉ်းသားများအား ပြုမူဆက်ဆံမှုနှင့် ပတ်သက်၍ နိုင်ငံတကာကြက်ခြေနီကော်မတီထံမှ တိုင်တန်းချက်ကို ယခုသီတင်းပတ်စောစောပိုင်းက ရရှိခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ နောက်လိုက်များက ကင်းလှည့်ယာဉ်ကို တိုက်ခိုက်ခဲ့ပြီးနောက် ဖြစ်ပွားသောတိုက်ပွဲတွင် အီရတ် ၁၄ ဦးခန့် သေဆုံးကြောင်း ဗြိတိန်နိုင်ငံက ပြောကြားထားသည်။ အီရတ်တာဝန်ရှိပုဂ္ဂိုလ်များကမူ ယင်းတိုက်ပွဲတွင်သေဆုံးသူ၊အရပ်သား၂၀ဦး ရှိကြောင်း သတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ။

ဇွန် ၂၀ ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် လမ်းဘေး ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နေရာကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်ဗဟိုဘဏ်အနီးတွင် ဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဇွန် ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အီရတ်ဗဟိုဘဏ်အနီးတွင် တနင်္ဂနွေနေ့ နံနက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

ယင်း ဗုံးပေါက်ကွဲမှုတွင် အခြားလူငါးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ကာတာအခြေစိုက် အယ်ဂျာဇီးယားရုပ်မြင်သံကြားဌာနမှ သတင်းထောက်တစ်ဦးက ပြောကြားသည်။

ထိခိုက်ပျက်စီး

ထို့အပြင် အလုပ်သွား အလုပ်ပြန် ဝန်ထမ်းများကို သယ်ပို့ရန် အသုံးပြုသည့် ဘတ်စ်ကားတစ်စီး အပါအဝင် အနီးတစ်ဝိုက်ရှိ ယာဉ်များလည်း ထိခိုက်ပျက်စီးခဲ့ရသည်။

တင်းမာမှုပြင်းထန်

ဖော်လူဂျာမြို့ရှိ နေအိမ်တစ်အိမ်ကို အမေရိကန်က တိုက်ခိုက်ရာတွင် အီရတ် ၂၀ ကျော် သေဆုံးခဲ့ကြောင်း အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ အာဏာပိုင်များက ထုတ်ဖော်ဝန်ခံခဲ့ပြီးနောက် တစ်ရက်အကြာတွင် အီရတ်နိုင်ငံ၌ တင်းမာမှုများမှာ ပြင်းထန်လာသည်။

အပြင်းအထန်တိုက်ခိုက်

စနေနေ့စောစောပိုင်းက ဘဂ္ဂဒက်မြို့တော်၏ အနောက်ဘက်ကီလိုမီတာ ၅၀ ခန့်အကွာရှိ မြို့ငယ်တစ်ခုကို အမေရိကန်လေယာဉ်များက အပြင်းအထန် တိုက်ခိုက်ခဲ့သည်။ ယင်းသို့တိုက်ခိုက်ရာတွင် အမျိုးသမီးများနှင့် ကလေးငယ်များ သေဆုံးခဲ့ရကြောင်း ဒေသခံများက ပြောကြားသည်။

အမေရိကန် စစ်လေယာဉ်များ တိုက်ခိုက်ခဲ့သည့် နေအိမ်တွင် ဇာကာဝီ၏အကြမ်းဖက်ကွန်ရက်မှ အဖွဲ့ဝင်များရှိသည်ဆိုသည့် ထောက်လှမ်းရေးသတင်းများ ခိုင်ခိုင်မာမာရရှိကြောင်း အမေရိကန် ဗိုလ်မှူးချုပ်မတ်ကင်ပစ်က ပြောကြားသည်။ သို့ရာတွင် ၎င်းနေအိမ်၌ ဇာကာဝီကိုယ်တိုင် ရှိ၊ မရှိကိုမူ သက်သေအထောက်အထား မတွေ့ရချေ။

ဇာကာဝီသည် အီရတ်နိုင်ငံအား သိမ်းပိုက်မှုကို ဆန့်ကျင်သည့်တိုက်ခိုက်မှုများတွင် နောက်ကွယ်မှ ကြိုးကိုင်သည်ဟု စွပ်စွဲခံထားရသည်။

အင်တာနက်။

ဘာဆာရာတွင် ဗုံးပေါက်ကွဲ ပေါ်တူဂီလုံခြုံရေးဝန်ထမ်းတစ်ဦးသေဆုံး

ဘာဆာရာ ဇွန် ၂၀

အီရတ်နိုင်ငံတွင် နည်းပညာရှင်များက ရေနံပို့ကုန်များအတွက် အရေးပါသော ရေနံပိုက်လိုင်းများကို ပြင်ဆင်မှုများ ပြုလုပ်နေစဉ်မှာပင် နိုင်ငံခြားသားများကို တိုက်ခိုက်သည့် ဖြစ်ရပ်များ ဆက်လက်ပေါ်ပေါက်လျက်ရှိသည်။ အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ပေါ်တူဂီလူမျိုး လုံခြုံရေးအစောင့် ဝန်ထမ်းတစ်ဦး စနေနေ့က သေဆုံးခဲ့ရသည်။

အီရတ်နိုင်ငံ ဖော်လူဂျာမြို့ရှိ နေအိမ်တစ်လုံးတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အီရတ် ၂၀ ဦး သေဆုံးပြီး လေးဦးထက်မနည်း ဒဏ်ရာရရှိသည်။

အဆိုပါ နေအိမ်ကို အမေရိကန် ရဟတ်ယာဉ်တစ်စင်းက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသော်လည်း အမေရိကန်စစ်ဘက်ကမူ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ဝေဖန်ပြောကြားခြင်း မရှိပေ။

မြို့တော်ဘဂ္ဂဒက် အနောက်ဘက် ဖော်လူဂျာမြို့တွင် ပြီးခဲ့သည့်ဧပြီလက အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားများအကြား တိုက်ခိုက်မှုကြောင့် အီရတ်ရာပေါင်းများစွာ သေဆုံးခဲ့ရပြီးနောက် ယင်းမြို့၏ လုံခြုံရေးကို အီရတ်တပ်ဖွဲ့တစ်ဖွဲ့က တာဝန်ယူထားခဲ့သည်။

အီရတ်တောင်ပိုင်း ဘာဆာရာမြို့ အနောက်တောင်ဘက်ရှိ လမ်းတစ်လမ်းပေါ်တွင် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ ပေါ်တူဂီလူမျိုး လုံခြုံရေးဝန်ထမ်း တစ်ဦးသေဆုံးခဲ့ရသည်။ ရေနံလုပ်ငန်းဆိုင်ရာ နေရာဌာနများကို ကာကွယ်စောင့်ရှောက်နိုင်ရန် ငှားရမ်းထားသည့် လုံခြုံရေး ကုမ္ပဏီတစ်ခုက အသုံးပြုသော ကားတစ်စီးကို ပြောက်ကျားများက ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့သည်။ ယင်းဖြစ်စဉ်တွင် အီရတ်ရဲတပ်ဖွဲ့ဝင် တစ်ဦးလည်း သေဆုံးခဲ့ရပြီး အိန္ဒိယလူမျိုးတစ်ဦးနှင့် အခြား အီရတ်တစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။

အီရတ်နိုင်ငံတောင်ပိုင်းရှိ ရေနံပိုက်လိုင်းများကို ယခုရက် သတ္တပတ်အစောပိုင်းက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ ရေနံပြည်ပသို့ တင်ပို့ရေးလုပ်ငန်းများ ထိခိုက်ခဲ့ရသည်။

အင်တာနက်။

ခုခံတိုက်ခိုက်ရေးသမားများ

ဇွန် ၁၈ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံး အယ်လ်ဆာဒါ စီးတီးတွင် ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်တွင် ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၂၀

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေပြီး စနေနေ့က ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားကန်ထရိုက်တာ လုပ်ငန်းရှင်တစ်ဦးတို့ သေဆုံးခဲ့ရကြောင်း၊ ဘဂ္ဂဒက်တွင် ချုံခိုတိုက်ခိုက်မှု တစ်ရပ်အတွင်း အမေရိကန် တပ်ဖွဲ့ဝင် သုံးဦးဒဏ်ရာ ရရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ပြောကြား

ဘူရစ်မြို့ငယ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေး သမားများ တိုက်ခိုက်ခဲ့ရာတွင် အီရတ် ၁၃ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဖော်ပြ

ဘဂ္ဂဒက်အရှေ့ဘက် ခါမာလာယာ ဒေသတွင် တနင်္ဂနွေနေ့က လမ်းဘေးထောင် ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အီရတ်အရပ်သားသုံးဦး သေဆုံးခဲ့ကြောင်း၊ ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်တပ်ဖွဲ့ဝင်များကို ခေါင်မိုးများပေါ်မှနေ၍ သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အမေရိကန် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အီရတ်တို့ဘက်မှ သေဆုံးမှု ရှိနိုင်ကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

အဘူဂါရိုပ်အကျဉ်းထောင်တွင် ဥပဒေမဲ့လုပ်ရပ်များဖြစ်ပေါ်ခဲ့ စစ်ကြောရေးကျွမ်းကျင်သူတစ်ဦးက ထုတ်ဖော်ပြောကြား

ဝါရှင်တန် ဇွန် ၂၀

အီရတ်နိုင်ငံ အဘူဂါရိုပ်အကျဉ်းထောင်တွင် ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်များမှာ တရားဥပဒေကင်းမဲ့သည့် မင်းမဲ့စရိုက် အခြေအနေများပင်ဖြစ်ကြောင်း စစ်ကြောရေးကျွမ်းကျင်သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ တိုရင်နယ်လ်ဆင်က အေဘီသီ သတင်းဌာန၏ စနေနေ့လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

နယ်လ်ဆင်သည် အဘူဂါရိုပ်အကျဉ်းထောင်တွင် စစ်ကြောမေးမြန်းရေး တာဝန်ကို ထမ်းဆောင်ရန် အီရတ်နိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက် ယခုအခါ အီရတ်အကျဉ်းထောင်များတွင် ပေါ်ပေါက်ခဲ့သော အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်ခံရမှု ဖြစ်ရပ်များနှင့် ဆက်စပ်နေသော စစ်ထောက်လှမ်းရေး တာဝန်ရှိသူများ၏ လုပ်ကိုင်ဆောင်ရွက်ပုံများနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်နေသည့် စုံစမ်းစစ်ဆေးမှုများကို ကူညီလျက်ရှိသည်။

အသက် ၃၅ နှစ်အရွယ်ရှိ နယ်လ်ဆင်သည် နိုဝင်ဘာလက အရပ်သားကန်ထရိုက်တာ တစ်ဦးအဖြစ် အဘူဂါရိုပ်အကျဉ်းထောင်တွင် စစ်ကြောမေးမြန်းရေးတာဝန်ကို ဆောင်ရွက်ခဲ့သည်။

အဘူဂါရိုပ်အကျဉ်းထောင်သို့ မိမိရောက်ရှိသွားသည့်အခါ ယင်းအကျဉ်းထောင်၏ အခြေအနေမှာ မင်းမဲ့စရိုက်အခြေအနေမျိုးဖြစ်ကြောင်း နယ်လ်ဆင်ကပြောကြားသည်။

နယ်လ်ဆင်သည် အီရတ်သို့ မသွားရောက်မီ အမေရိကန် ကြည်းတပ်တွင် ရှစ်နှစ်၊ ယူတား အမျိုးသား အစောင့်တပ်ဖွဲ့တွင် လေးနှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး စီအေစီအိုင် အင်တာနေရှင်နယ် အင်ကော်ပိုရိတ်တက်တွင် စစ်ကြောရေးကျွမ်းကျင်သူအဖြစ် လုပ်ကိုင်နေသူဖြစ်သည်။ အဆိုပါ ကုမ္ပဏီသည် အီရတ်တွင် ကန်ထရိုက်ရရှိသော ကုမ္ပဏီဖြစ်သည်။

အဘူဂါရိုပ် အကျဉ်းထောင်နှင့် ပတ်သက်၍ ဗိုလ်ချုပ်အန်ထော်နီယိုတာဂူဘာပြုစုသော အစီရင်ခံစာတွင် နယ်လ်ဆင်ကို မျက်မြင်သက်သေတစ်ဦးအဖြစ် ရည်ညွှန်းဖော်ပြထားသည်။

အင်တာနက်။



မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၀ရက်က မြို့သစ်မြို့ အခြေခံပညာအထက်တန်းကျောင်း လေးခန်းတွဲ နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❀ မြို့နယ်အဆင့်မှ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့ လိုက်ပါလျက် မကွေးတိုင်း မြို့သစ်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့နှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြို့သစ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး လူနာခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာတင်မောင်ကိုနှင့် တာဝန်ရှိသူတို့က လိုက်လံပြသရှင်းလင်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့သစ်မြို့ ပြည်သူ့ဆေးရုံအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး ဆောင်ရွက်ဖွယ်ရာများကို မှာကြားသည်။

မြို့သစ်အထက

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြို့သစ်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရတနာခန်းမ၌ မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်တိုးက မြို့နယ်၏ တည်နေရာနှင့်အကျယ်အဝန်း၊လူဦးရေ၊ မိုးရေချိန်၊ စိုက်ပျိုးရေရရှိမှု၊ ၂၀၀၃-၂၀၀၄ခုနှစ် မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါး၊ နွေစပါး စိုက်ပျိုးရန်လျာထားချက်၊ ဒေသဝမ်းစာနှင့် ဒေသဆီဖူလုံမှု အခြေအနေ၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးရန်လျာထားချက်၊ စိုက်ပျိုးပြီးစီးမှုနှင့် ထွက်ရှိမှု၊ ပန်းတိုင် အထွက်နှုန်းရရှိရန် ဆောင်ရွက်မှု၊ မွေးမြူရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ လုပ်ငန်းများ၊ ကျေးရွာသောက်သုံးရေ ရရှိရေးလုပ်ငန်းများ အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာ သောက်သုံးရေ ရရှိရေး လုပ်ငန်းများ စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒေသဖွံ့ဖြိုးရေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာ သောက်သုံးရေ ရရှိရေး အပါအဝင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းစိစစ်ဖြည့်ဆည်းပေးသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့သစ်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် မကွေးတိုင်းသို့ မကြာခဏ ရောက်ရှိခဲ့သော်လည်း မကွေးတိုင်းအတွင်းရှိ မြို့နယ်များသို့ အရောက်အပေါက်နည်းခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့ မိမိနှင့်အတူ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မြို့နယ် ဖွံ့ဖြိုးရေးလိုအပ်ချက်များ ရှိပါက ဖြည့်ဆည်းပံ့ပိုးပေးရန်ရည်ရွယ်ချက်များဖြင့် ယနေ့ မြို့သစ်မြို့သို့ လာရောက်ခြင်းဖြစ်ကြောင်း၊ ယနေ့ မြို့သစ်မြို့နယ်၏ တင်ပြချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေးအပြင် မြို့နယ်အတွက် အခြားသော လိုအပ်ချက်များကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

စိုက်ပျိုးဖြစ်ထွန်း

မြို့သစ်မြို့နယ်အနေဖြင့် နတ်မောက်ဆည်၊ ပုလင်းဆည်၊ စွန်ချောင်းဆည်၊ ဆဒ္ဒန်ဆည်နှင့် ဘုတ်ချောင်းဆည်စသည့် ဆည်ပေါင်းငါးခု၏ ဆည်ရေများကို အပြည့်အဝရရှိသဖြင့် အဓိကသီးနှံ ၁၀မျိုးစလုံး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး မြို့နယ်အနေဖြင့်လည်း ဒေသဝမ်းစာဆန်နှင့် ဆီဖူလုံသောဒေသဖြစ်သည်ကို တွေ့ရကြောင်း။

သို့သော်လည်း မကွေးတိုင်းတစ်တိုင်းလုံးအနေဖြင့် ခြုံကြည့်မည်ဆိုပါက ဒေသဝမ်းစာဖူလုံခြင်း မရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မြို့သစ်မြို့နယ် အနေဖြင့် ဒေသဝမ်းစာဖူလုံနေမှုအပေါ် ကျေနပ်တင်းတိမ်မနေဘဲ မိမိတိုင်းအတွင်းရှိ ဒေသဝမ်းစာဖူလုံမှုမရှိသေးသည့် အခြားမြို့နယ်များသို့ ကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆည်ရေများကို အကျိုးရှိရှိအသုံးချကာ ပိုလျှံသည်ထက်ပိုလျှံအောင် တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ မြို့နယ်အုပ်ချုပ်ရေး ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်အသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များသည် မိမိတို့ မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများအထိ ကွင်းဆင်းကာ ကဏ္ဍအလိုက် လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူများအနေဖြင့်လည်း စိုက်ပျိုးနိုင်သည့် မြေများတွင် တိုးချဲ့စိုက်ပျိုးရေး၊ သီးထပ်စိုက်ပျိုးရေးတို့ကို အားသွန်ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၀ရက်က နတ်မောက်မြို့ ပြည်သူ့ခန်းမ၌ နတ်မောက်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို မြို့နယ်ပညာရေးမှူးအား ပေးအပ်စဉ်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇွန် ၂၀ရက်က မကွေးတိုင်း မြို့သစ်မြို့ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖိဖိစီးစီးဆောင်ရွက်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှ မြို့များ၊ ခရိုင်များ၊ ပြည်နယ်နှင့် တိုင်းများ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သကဲ့သို့ နိုင်ငံတော်သည်လည်း တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မြို့ပေါ်တွင်သာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ကျေးလက်ဒေသများအထိ ကွင်းဆင်းကာ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် အလေးထားပြီး ဖိဖိစီးစီး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းများကို မပြတ်လေ့လာ နည်းလမ်းရှာဖွေပြီး ဒေသနေပြည်သူများ၊ ဒေသရှိလူမှုရေးရာ အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းကာ အားကြိုးမာန်တက် ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့သစ်မြို့ အခြေခံပညာအထက်တန်းကျောင်း လေးခန်းတွဲ နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ်ပြီးစီးရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြို့သစ်မြို့ အခြေခံပညာအထက်တန်းကျောင်း Computer Room. Visual Room. Audio Room. e-Learning Centre ရသ (အိမ်တွင်းမှု)နှင့် ရသ(ပန်းချီ)ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

နတ်မောက်မြို့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြို့သစ်မြို့မှတစ်ဆင့် နတ်မောက်မြို့သို့ ရောက်ရှိကြရာ နတ်မောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နတ်မောက်မြို့ ပြည်သူ့ခန်းမ၌ နတ်မောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက မြို့နယ်၏ စိုက်ပျိုးမြေဧက၊အစိုးရဆည်၊ကန်နှင့်ကျေးလက်ဆည် ဖွံ့ဖြိုးရေးဆည်၊ ကိုယ့်အားကိုယ်ကိုးဆည်မှ စိုက်ပျိုးရေ ရရှိမှု၊ ၂၀၀၁-၂၀၀၂ခုနှစ်မှစ၍ သုံးနှစ်အတွင်း နှစ်အလိုက် အသားတင် စိုက်ဧကတိုးတက်မှု၊ စိုက်ဧကတိုးတက်မှုရရှိစေရန် စိုက်ပျိုးရေရရှိရေးဆောင်ရွက်မှု၊ ဒေသဝမ်းစာ၊ ဒေသဆီဖူလုံမှု အခြေအနေ၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ ပန်းတိုင် အထွက်နှုန်းရရှိရန် ကြိုးပမ်းဆောင်ရွက်မှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊မြို့စည်ပင်သာယာရေး၊ ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းများဖွံ့ဖြိုးရေး၊စိမ်းလန်းစိုပြည်ရေး၊ သစ်တောစိုက်ခင်းများ ထူထောင်ရေး၊ သစ်တောများထိန်းသိမ်းခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❑

❑ **စာမျက်နှာ ၆မှ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့်ပတ်သက်ပြီး သိလိုသောအချက်များကို မေးမြန်းစိစစ်ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် နတ်မောက်မြို့နယ်သို့ ရောက်ရှိခိုက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရာ တိုးတက်ကြောင်း၊ ဒေသခံပြည်သူများ လူနေမှုဘဝ၊ စီးပွားရေးဘဝ မြင့်မားတိုးတက်ရေးတို့အတွက် ဆောင်ရွက်ပေးသင့်ပေးထိုက်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများအနေဖြင့် ဗဟိုမှမြို့နယ်အထိကွင်းဆင်းပြည့်ဆည်းပေးခဲ့သော လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် မိမိဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည်များကို မပြတ်လေ့လာပြီး မိမိတို့အဆင့်နှင့် ဆောင်ရွက်နိုင်သည်များကို ချက်ချင်း ဖြည့်ဆည်းဆောင်ရွက်ကြပြီး မိမိတို့အဆင့်ဖြင့် ဆောင်ရွက်နိုင်စွမ်းမရှိသည့်လုပ်ငန်းများကို မိမိအထက်ဌာနသို့ ကျိုးကြောင်းဖော်ပြတင်ပြသွားကြရန်လိုကြောင်း၊ ထို့ပြင် သူ့တာကိုယ့်တာ မခွဲခြားဘဲ စုပေါင်းဦးဆောင်မှု၊ စုပေါင်း တာဝန်ယူမှု၊ စုပေါင်းအကောင်အထည်ဖော်မှုများ ပြုလုပ်ပြီး စဉ်ဆက်မပြတ် ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နတ်မောက်မြို့နယ်၏ စိုက်ပျိုးရေးအခြေအနေများကို လေ့လာပါက ဆည်ရေကို အသုံးချရှိကြောင်း၊ ထို့ကြောင့် ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင် ထိန်းသိမ်းကာကွယ်ရေး၊ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများကို မြို့နယ်၏ဦးဆောင်စီမံခန့်ခွဲမှုဖြင့် လူမှုရေးအသင်းအဖွဲ့များ၏ အားကိုရယူကာ အလေးထားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

မြို့နယ်အတွင်း နေထိုင်ကြသူများမှာ လူမျိုးပေါင်းစုံ၊ အလှူအသီးသီးရှိကြကြောင်း၊ ထို့ကြောင့် နေရာဒေသနှင့် အခြေအနေများကို မှန်ကန်စွာ သုံးသပ်ပြီး အလှူပေါင်းစုံအတွက် အကျိုးပြုနိုင်အောင် ဆောင်ရွက်သွားတတ်ရန် လိုကြောင်း၊ မှန်ကန်သည့် စီမံခန့်ခွဲမှုဖြင့် မြို့နယ်တစ်ခုလုံး၏ အုပ်ချုပ်ရေးယန္တရားကို ကျေးလက်ဒေသများပါ မကျန်ဖြန့်ကြက်ရောက်ရှိအောင်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နတ်မောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို မြို့နယ်ပညာရေးမှူးအားပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နတ်မောက်မြို့ အခြေခံပညာ အထက်တန်းကျောင်း Computer Room, Computer Aided Instruction Room, Visual Presenter Room, Audio Room နှင့် Study Room တို့ကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇွန် ၂၀ ရက်က နတ်မောက်မြို့ အခြေခံပညာအထက်တန်းကျောင်းစာသင်ခန်းများအတွင်း လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့မှတစ်ဆင့် ရေနံချောင်းမြို့သို့ရောက်ရှိကြရာ ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ မြို့နယ်၏ အကွက်ချမြေပုံတွင် ကြည့်ရှုစစ်ဆေးကာ အမှန်တကယ်လိုအပ်မှုများကို ဖြည့်ဆည်းပေးပြီး အမှာစကား တာဝန်ရှိသူများအနေဖြင့် ဝီရိယအား၊ စေတနာအားတို့ဖြင့် မိမိတာဝန်ယူရသော ဒေသ၏ဖွံ့ဖြိုးတိုးတက်ရေးကို ဖိဖိစီးစီးအလေးထား ဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ကြောင့် မြို့နယ်အုပ်ချုပ်ရေး တာဝန်ခံများ၊ ကဏ္ဍအလိုက် ဌာန များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်း ပူးပေါင်း အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်းဖြင့် မှာကြားသွားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေနံချောင်းမြို့

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇွန် ၂၀ ရက်က ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းအတွင်း လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြီး စိုက်ပျိုးနိုင်မှုနည်းပါးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဆည်ရေသောက် ဧရိယာများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို စူးစမ်းလေ့လာညှိနှိုင်းတင်ပြဆောင်ရွက်သွားကြရန်လိုကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရန်မှာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အဓိကကျကြောင်း၊ မြို့နယ်ဥက္ကဋ္ဌ၏ ဦးဆောင်စီမံခန့်ခွဲမှုဖြင့် ကဏ္ဍအလိုက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားရန် လိုကြောင်း။

စိမ်းလန်းစိုပြည်ရေး

နတ်မောက်မြို့နယ်သည် အပူပိုင်းခြောက်သွေ့သောဒေသတွင် ပါဝင်လျက်ရှိကြောင်း၊ နိုင်ငံတော်က အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးကို တိုးချဲ့ကာ အပူပိုင်းဒေသ ၁၃ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် စီမံချက်များချမှတ်ကာ တာဝန်ပေးဆောင်ရွက်စေလျက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နတ်မောက်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ကြပြီး ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းနှင့် လူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာမျိုးခင်နှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းကြသည်။ ထို့နောက် ဆေးရုံတိုးချဲ့ဆောင် တည်ဆောက်မည့်နေရာကိုကြည့်ရှုသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နတ်မောက်မြို့ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းရီနှင့် ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ကျောင်း၏ ပညာရေးကဏ္ဍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှ တစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

သည် ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းခန်းမ၌ ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်ကြူက မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မိုးရွာသွန်းမှု၊ စိုက်ပျိုးမြေဧက၊ မိုးစပါး နွေစပါး စိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်နေမှု၊ ဒေသဝမ်းစာ၊ ဆီ၊ ပဲဖူလုံမှု၊ ပညာရေး၊ကျန်းမာရေးဆောင်ရွက်ချက်၊ ကျေးလက် သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်း၊ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်ချက်၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ ကာကွယ်တောများ ထိန်းသိမ်းခြင်းလုပ်ငန်း၊ ပြောကြားရာတွင် မိမိအနေဖြင့် ရေနံချောင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မြို့နယ်အတွက် အဓိကလိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ ကာကွယ်တောများ ထိန်းသိမ်းရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးတို့အတွက် လိုအပ်ချက်များကို ယခုပင် ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

အားနည်းနေ

မြို့နယ်မှ တာဝန်ရှိသူများ၏ တင်ပြချက်များကို ဆန်းစစ်ကြည့်ပါက ဌာနဆိုင်ရာအချို့၏ လုပ်ငန်းများ တာဝန်ယူမှုအပိုင်းနှင့် အာရုံစူးစိုက်ဆောင်ရွက်မှုအပိုင်းတို့တွင် အားနည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်က စီမံခန့်ခွဲမှုယန္တရားများကို ဗဟိုမှ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ စနစ်တကျ ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုယန္တရားကို မှန်မှန်ကန်ကန်လည်ပတ်နိုင်ရေးမှာ အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်နေကြသော တာဝန်ရှိသူများ၏ အခန်းကဏ္ဍသည် အဓိကကျကြောင်း၊ ထို့ကြောင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ ဆိုင်ရာတာဝန်ရှိသူများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန်မှာ ယင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံအကျဆုံးဖြစ်ကြောင်း။

ပူးပေါင်းအကောင်အထည်ဖော်

ထို့ကြောင့် နိုင်ငံတော်က အလေးထားချမှတ်ပေးသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ဖိဖိစီးစီး အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း၊ မြို့နယ်များတွင် ဖွဲ့စည်းတာဝန်ပေးထားသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေးကိုသာ တာဝန်ခံရန်မဟုတ်ဘဲကျေးလက်ဒေသ သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်ရေးကိုပါ တာဝန်ယူဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မိမိမြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်နေအောင် မြို့နယ်အုပ်ချုပ်ရေးတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်း

အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်ပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ Computer Aided Instrution Room၊ Computer Skills Room၊ Language Lab၊ Audio Visual Room၊ Printed Media Room၊ စက်မှုလက်မှုပြခန်းနှင့်အိမ်တွင်းမှုသင်ထောက်ကူပြခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပွင့်ဖြူမြို့

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်မင်းဘူးခရိုင်ပွင့်ဖြူမြို့သို့ရောက်ရှိကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ မင်းဘူးခရိုင်နှင့် ပွင့်ဖြူမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အုံ

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၀ရက်က ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၂၀ရက်က အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံစီမံကိန်း ပင်မအဆောက်အအုံအတွင်း စက်များ တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

➪ **စာမျက်နှာ ၇ မှ**

ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ပွင့်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖိုးချိုက မြို့နယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပွင့်ဖြူမြို့နယ်၏ ပညာရေး၊ ကျန်းမာရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် မြို့နယ်ရှိ တာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ကြရေး၊ မြို့များ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာ လှပအောင်ဆောင်ရွက်ရေး၊ အရိပ်ရပင်၊ လေကာပင်၊ ပန်းအလှပင်များ စိုက်ပျိုးရေး၊ လမ်းများကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးပြီး စည်ပင်သာယာ ဝပြောရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အောက်ခြေအထိ ကွင်းဆင်းပြီး ကျေးလက်နေပြည်သူများနှင့် တစ်သားတည်း နေထိုင်ကျင့်ကြံ ဆောင်ရွက်ရေး၊ ကျေးလက်ဖွံ့ဖြိုးမှသာ မြို့ပြများလည်း ဖွံ့ဖြိုးစည်ပင်မည်ဖြစ်၍ မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်အထိဆင်းပြီး စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

မာလ်တီမီဒီယာစာသင်ခန်း

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး ဦးစိန်ဌေးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်၍ ပွင့်ဖြူမြို့ အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Skills Room၊ Language Lab၊ Computer Aided Instruction Room၊ Printed Media Room၊ Audio Visual Room၊ ရသ (လက်မှုအိမ်တွင်းမှု၊ ပန်းချီ)ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံ တည်ဆောက်ရေးလုပ်ငန်း ပင်မအဆောက်အအုံ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ချည်မျှင်နှင့်အထည်စက်ရုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဖွင့်ဖြူ ချည်မျှင်နှင့် အထည်စက်ရုံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်မအဆောက်အအုံအတွင်း သွားရောက်၍ ချည်မျှင်ဌာန၌ ချည်မျှင်စက် (Ring Spinning Frame) ၆၂ စင်တပ်ဆင်နေမှု၊ ရက်ကန်းဌာန၌ လွန်းမဲ့ ရက်ကန်းစက် (Rapier Loom) စင် ၆၀၀ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန် ရှိသူများက လုပ်ငန်းခွင်အတွင်း လိုက်လံပြသ ရှင်းလင်းကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတေ[...]
ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်န[...]
များသည် မကွေးမြို့သို့ [...]
ရောက်ရှိကြသည်။

မကွေးဆေးတက္ကသ[...]

ဆက်လက်၍ မြန်မာနိုင်င[...]
ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတေ[...]
ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်န[...]
များသည် မကွေးဆေး[...]
သင်ကြားရေးဆေးရုံ တ[...]
ရေးစီမံကိန်းလုပ်ငန်းခွင်သို[...]
ကြသည်။

ရှေးဦးစွာ မြန်မာ[...]
အဆောက်အအုံ ဆော[...]
လုပ်ငန်း ဦးဆောင်ညွှန်[...]
ဦးရဲထွန်းက မကွေးဆေး[...]
သင်ကြားရေးဆေးရုံ တ[...]
ရေး စီမံကိန်းအရ တည်[...]
သော ခုတင်-၂၀၀ ဆံ့ သ[...]
ဆေးရုံ၌ သွေးလှူဘဏ်နှင့်[...]
ရုံးတို့ပါမည့် အဆောင်(A[...]
ခန်း၊ ဓာတ်မှန်ခန်း၊ လူနာ[...]
မည့် အဆောင်(B)၊ ပြင်ပ[...]
နှင့် လူနာဆောင်ပါမည့်[...]
(C)နှင့် ဓာတ်ခွဲခန်း၊ လူ[...]
ပါမည့် အဆောင်(D) တ[...]

ရေးလုပ်ငန်းများ အခြေအ[...]
ဆောင်နှင့် စာသင်ခန်းမ[...]
ဆောက်ရန် စီစဉ်ဆောင်ရွ[...]
ပတ်သက်၍ ရှင်းလင်းတ[...]

ထို့နောက် ကျန်းမာ[...]
ဌာန ဒုတိယဝန်ကြီး ဒေါ[...]
နှင့်ဆေးတက္ကသိုလ်(မကွေး[...]
ချုပ် ဒေါက်တာ သန်[...]
မကွေးဆေးတက္ကသိုလ် သ[...]
ဆေးရုံသစ်ကြီး၌ သ[...]

စီးပွားကူးသန်း ရှေ့သို့လှမ်း

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

မကွေးဆေးတက္ကသိုလ်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးဆေးတက္ကသိုလ် သင်ကြားရေးဆေးရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းက မကွေးဆေးတက္ကသိုလ် သင်ကြားရေးဆေးရုံ တည်ဆောက်ရေး စီမံကိန်းအရ တည်ဆောက်နေသော ခုတင်–၂၀၀ ဆံ့ သင်ကြားရေးဆေးရုံ၌ သွေးလှူဘဏ်နှင့် အုပ်ချုပ်မှုရုံးတို့ပါမည့် အဆောက်(A)၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ လူနာဆောင်ပါမည့် အဆောက်(B)၊ ပြင်ပလူနာဌာနနှင့် လူနာဆောင်ပါမည့် အဆောက်(C)နှင့် ဓာတ်ခွဲခန်း၊ လူနာဆောင်ပါမည့် အဆောက်(D) တည်ဆောက်လုပ်ငန်းစတင်နိုင်မည့် အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက မကွေးဆေးတက္ကသိုလ် သင်ကြားရေးဆေးရုံ ပရဝဏ် သာယာလှပရေးဆောင်ရွက်ရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားပြီး မကွေးဆေးတက္ကသိုလ် ခုတင် ၂၀၀ဆံ့ သင်ကြားရေးဆေးရုံ တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံနှုတ်ဆက်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မကွေး ဆေးတက္ကသိုလ်၌ ပါမောက္ခချုပ် ဒေါက်တာသန်းမြင့်နှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးဆေးတက္ကသိုလ်၌ တည်ဆောက်ပြီး စာသင်ခန်းမ နှစ်ခန်းတွဲ အဆောက်အအုံနှင့် တည်ဆောက်ဆဲ စာသင်ခန်းမ နှစ်ခန်းတွဲ အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ နတ်မောက်ရိပ်သာသို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

ရေးလုပ်ငန်းများ အခြေအနေ၊ ခွဲစိတ်ဆောင်နှင့် စာသင်ခန်းမများ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့်ဆေးတက္ကသိုလ်(မကွေး)ပါမောက္ခချုပ် ဒေါက်တာ သန်းမြင့်တို့က မကွေးဆေးတက္ကသိုလ် သင်ကြားရေးဆေးရုံသစ်ကြီး၌ သင်ကြားရေး

စုပေါင်းဓာတ်ပုံရိုက်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇွန် ၂၀ရက်က ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)



ခုတင်–၂၀၀ဆံ့ သင်ကြားရေးဆေးရုံ

မကွေးမြို့၌ မကွေးဆေးတက္ကသိုလ် ခုတင်–၂၀၀ဆံ့ သင်ကြားရေးဆေးရုံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇွန် ၂၀ရက်က မကွေးမြို့ မကွေးဆေးတက္ကသိုလ် ခုတင်–၂၀၀ဆံ့ သင်ကြားရေးဆေးရုံ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂–၆–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၇။ ဇော်ဂျီရေထိန်းဆည်
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ **EURO 2004 ဘောလုံးပွဲ ထုတ်လွှင့်မှုအစီအစဉ် (ဆွစ်ဇာလန် နှင့် ပြင်သစ်)**
- ၅:၄၀ ၃။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၁၀ ၄။ ညနေခင်းသတင်း
- ၇:၀၀ ၅။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၆။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၇:၂၀ ၇။ ကြေးမုံရိပ်သွင် တေးနယဉ်
- ၇:၃၅ ၈။ တိုးတက်ဝေစည် ကန္တာရဝတီ ငွေတောင်ပြည်
- ၈:၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း–၅၁)**
- ၁:၁၅ ၁၃။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (အီတလီ နှင့် ဘူဂေးရီးယား)**
- ၁၄။ နောက်တစ်နေ့အစီအစဉ်
- ၁၅။ အစီအစဉ်ပြီး၏။

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ဂျပန်နိုင်ငံသံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဇွန် ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yuji Miyamoto သည် ပန်းဂျုံအတတ်ပညာရှင် ပါမောက္ခ ဒေါက်တာ အကီယိုယူဂျိဟာရာ၊ ရန်ကုန်မြို့ JICA ရုံးမှ ဒုတိယဌာနေကိုယ်စားလှယ် မစ္စတာ မာကိုတိုရာမာရီတာနှင့် သံရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ညနေပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံရာတွင် နယ်စပ်ဒေသများ၌ ဘိန်းအစားထိုးပန်းဂျုံ စိုက်ပျိုးရေး၊ ပန်းဂျုံကို ပြည်ပသို့ ရောင်းချရေး၊ ပန်းဂျုံဖြင့် ပြုလုပ်ထားသော ရွှေကြီးဘီစကွတ်များ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချနိုင်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၂နာရီတွင် ဝိုင်အမ်စီအေခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် လူသစ်တန်းအမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ အလွတ်တန်း လူသစ်တန်းအမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ ထည့်သွင်းကျင်းပလျက်ရှိပြီး ပြိုင်ပွဲဝင်ကစားသမားဦးရေ ၄၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို ဇွန် ၂၂ရက်အထိ ကျင်းပမည်ဖြစ်သည်။(ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂–၆–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပုဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
  - (က) မြန်မာစာ (မြန်မာစာအထူးပြု)
  - (ခ) ရာမရကန် လူ့သဘာဝအဖွဲ့များ
- ၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဉာဏ်ကျယ်လေး"(အပိုင်း–၃၄)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက်တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင် "သားဆိုးသားမိုက်" (အပိုင်း–၂)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

❒ **အမျိုးသားညီလာခံမှ**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီဝင်များ တက်ရောက် ကြသည်။

အစည်းအဝေးတွင် အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် တွဲဖက် အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက် သည်။

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပ ရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် ယခုအခါ ညီလာခံ ကိုယ်စားလှယ်များက အစုအဖွဲ့များ အလိုက် စာတမ်းများ တင်ပြဆွေးနွေး ခြင်း၊ အစုအဖွဲ့ကိုယ်စားပြုစာတမ်းများ ပြုစုဖတ်ကြားတင်ပြသည့် ပထမအဆင့် ကို အောင်အောင်မြင်မြင် ဖြတ်သန်း ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ယင်းကဲ့သို့ အစုအဖွဲ့အလိုက် တင်ပြသည့် စာတမ်းများကို စုံညီ အစည်းအဝေးသို့ တင်ပြနိုင်ရန်အတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီက ဖတ်ရှုလေ့လာလျက်ရှိရာ မကြာမီ အချိန်အတွင်း စုံညီအစည်း အဝေးကို ကျင်းပနိုင်တော့မည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အလှူငွေ ပေးအပ်ပွဲတွင် ရခိုင်ပြည်နယ်၌ လေပြင်း တိုက်ခတ်မှုအတွက် ညီလာခံကိုယ်စား လှယ်များက အလှူငွေ ပေးလှူလို ကြောင်း ဆန္ဒပြုချက်အရ အလှူငွေ ပေးအပ်ခြင်းနှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူရှင်များက အဆက်မပြတ် အားတက်သရော အလှူ ငွေများပါဝင်လှူဒါန်းနေကြသည့် အခြေ အနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံ အစုအဖွဲ့ ရှစ်ဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုစာတမ်းများ တင်သွင်းပြီးစီးမှု အခြေအနေနှင့် စာတမ်းများအား ဖတ်ရှု ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်း တင်ပြသည်။

အမှာစကားပြောကြား

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁၃/၂၀၀၄)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှု

ယင်းနောက် အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံသို့ တက်ရောက် လျက်ရှိသော ကိုယ်စားလှယ်များအား ကျန်းမာရေးစောင့်ရှောက်မှု စီစဉ်ဆောင် ရွက်ပေးနေမှု၊ ဆေးရုံတွင် တက်ရောက် ပြီး ဆေးဝါးကုသမှုခံယူနေကြသော ကိုယ်စားလှယ်များ၏ ကျန်းမာရေး တိုးတက်မှု အခြေအနေနှင့် ကိုယ်စား လှယ်များ၏ အိပ်ဆောင်များအား လိုအပ်သလို ပြုပြင်ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထား ရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် များအစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ် သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ ဝန်ထမ်း ကိုယ်စားလှယ်များအစု အဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့မှ အထောက် အကူပြုအဖွဲ့ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက မိမိတို့နှင့် သက်ဆိုင် ရာ အစုအဖွဲ့များအလိုက် အကြံပြု စာတမ်းများတင်သွင်းပြီးစီးမှု အခြေ အနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုး သားညီလာခံ အောင်မြင်စွာ ကျင်းပနိုင် ရေးအတွက် အကြံပြုဆွေးနွေးတင်ပြ ကြသည်။

ထို့နောက် အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ် သည်များကို မှာကြားညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်း အဝေး(၁၃/၂၀၀၄)ကို နံနက် ၁၁နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် လုပ်ငန်း ကော်မတီဝင်များ၊အမျိုးသားညီလာခံ တိုင်းရင်းသား ကိုယ်စားလှယ်များ အစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ အစုအဖွဲ့မှ စာတမ်းရှင် ကိုယ်စား လှယ်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ တွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင် တိုး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များ စာတမ်းရှင် ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ စာတမ်းရှင်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်း၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက အမှာစကားပြောကြားပြီး တက်ရောက်ကြသူများက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းရန် စာတမ်းပြုစုရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။ ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲကို မွန်းလွဲ ၂နာရီ မိနစ် ၂၀ တွင် ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲကို ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပစဉ်။ (သတင်းစဉ်)

❒ **အမျိုးသားညီလာခံမှ**

လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည် နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြား ရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

တက်ရောက်

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၅ ဦး အနက် ၉၉ ဦးတို့တက်ရောက်သည့်အတွက် ရာခိုင်နှုန်း အားဖြင့် ၉၄ ဒသမ ၂၉ ရှိသဖြင့် အစည်းအဝေးအထမြောက် ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲ ရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင် ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့် သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍ အလိုက် ရှင်းလင်းတင်ပြချက်များအပေါ် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တင်သွင်းမည့် အခြားဖိတ်ကြား သင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ကချင်ပြည်နယ် အထူးဒေသ(၁)မှ ဦးချန်းလန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)မှ ဦးခင်မောင်စန်းနှင့် မွန်ပြည်သစ်ပါတီမှ ဦးနိုင်ချမ်းတွဲ တို့က ဖတ်ကြားတင်ပြ ကြသည်။

အမှာစကားပြောကြား

ထို့နောက် သဘာပတိ ဦးစိုင်းအောင်ထွန်းက နိဂုံးချုပ်အမှာ စကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀နာရီ မိနစ်၂၀ တွင် ရပ်နားလိုက်သည်။

ယင်းနောက် အခြားဖိတ်ကြားသင့်သည် ပုဂ္ဂိုလ်များ အစု အဖွဲ့ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးကို နံနက် ၁၀ နာရီခွဲတွင် အဆိုပါဆွေးနွေးပွဲခန်းမ(၈)၌ကျင်းပရာ သဘာပတိ အဖွဲ့ဝင်များ ဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ (၆)မှ ဦးအောင်ခမ်းထီ၊ ကချင်ပြည်နယ်အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ၊ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ (၂)မှ ဦးပေါ်လိုက်ခမ်းနှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်၊လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားညီလာခံစုံညီ အစည်း အဝေးသို့တင်သွင်းမည့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်း ဆွေးနွေးကြပြီး ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀နာရီ ၄၅မိနစ် တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မယ်စဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများနှင့် တွေ့ဆုံရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက မယ်စဲ့မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ မြေအသုံးချနိုင်မှု၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ တာဝန်ခံများက ဌာနအလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးက မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့နယ်ဆေးရုံတို့၌ လိုအပ်သော ပစ္စည်းပိုင်းဆိုင်ရာ ကိစ္စများ၊ မြဝတီရုပ်မြင်သံကြားဖမ်းယူရရှိရေး၊ မယ်စဲ့-ဖားဆောင်းလမ်း တိုးတက်ကောင်းမွန်ရေး စသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နည်းဗျူဟာမှူး ဗိုလ်မှူးကြီးဟန်သုန့်က ဒေသ၏ အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဒေသခံပြည်သူများ ကြည့်ရှု အပန်းဖြေနိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့် ဗီစီဒီစက်တို့ကို လည်းကောင်း၊ မယ်စဲ့မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများအတွက် ဗလာစာအုပ်များကို လည်းကောင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းလွင်တို့အား ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်သည်။

မြို့နယ်ဆေးရုံ

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လူနာဆောင်များ၊ ခွဲစိတ်ခန်းနှင့် ကိုယ့်အားကိုယ်ကိုးဓာတ်မှန်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း မြို့နယ် လျှပ်စစ်မှူးရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရေဒီယိုကြေးနန်းရုံး၊ ဆက်သွယ်ရေးစခန်း(စာတိုက်)နှင့် တယ်လီဖုန်းအိတ်ချိန်းရုံးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းသို့လည်း သွားရောက်ပြီး စာသင်ခန်းများ၊ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေး၍ ဆရာ၊ ဆရာမများအား နှုတ်ဆက်အားပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လှိုင်ကော်မြို့သို့ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် လှိုင်ကော်တက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးစိန်ဦးနှင့် ဌာနမှူး/ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် နည်းပြ၊ သရုပ်ပြများက ကြိုဆိုကြသည်။

ထို့နောက် တက္ကသိုလ်ခန်းမဆောင်၌ ဒုတိယပါမောက္ခချုပ် ဦးစိန်ဦးက ကောလိပ်၊ ဒီဂရီကောလိပ်အဆင့်များမှ လှိုင်ကော်တက္ကသိုလ်အဖြစ် ၁၄-၅-၂၀၀၃တွင် စတင်ဖြစ်ပေါ်လာခဲ့မှု၊ တက္ကသိုလ်၏ အကျယ်အဝန်း၊ တက္ကသိုလ်တွင် ဖွင့်လှစ်ထားသည့် သင်တန်းများနှင့် အထူးပြုဘာသာရပ်များ သင်ကြားမှုအခြေအနေ၊ မြို့နယ်အလိုက် တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အခြေအနေများ၊ ကွန်ပျူတာနှင့် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများ တပ်ဆင်ထားမှုအခြေအနေ၊ တက္ကသိုလ်၏ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က တက္ကသိုလ်နှင့် စပ်လျဉ်း၍ ဖြည့်ဆည်းပေးသင့်သည်များကို ရှင်းလင်းတင်ပြကြသည်။

မျှမျှတတ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်၊တိုင်း ဒေသအသီးသီး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စီမံကိန်းကြီးသုံးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အဆိုပါ စီမံကိန်းကြီးသုံးခုအနက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းဖြင့် ဖွံ့ဖြိုးရေးဒေသကြီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို ဆရာကြီး၊ ဆရာမကြီးများအသိပင်ဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီးများတွင် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ လှိုင်ကော်တက္ကသိုလ်သည်လည်း တစ်ခု အပါအဝင်ဖြစ်ခဲ့ကြောင်း။

စေတနာထားသင်ကြားပို့ချ

ထို့ကြောင့် နိုင်ငံတော်က တည်ဆောက်ပေးထားသော လှိုင်ကော်တက္ကသိုလ်၌ သင်ကြားပေးလျက်ရှိသည့် တန်ဖိုးရှိသော အဆင့်မြင့်ပညာရပ်များကို လူငယ်လူရွယ်၊ ကျောင်းသား၊ ကျောင်းသူများက ကြိုးစားပမ်းစား တန်ဖိုးထားသင်ယူလာအောင် စေတနာထား၍ သင်ကြားပို့ချပြီး ပညာတတ် များများစားစား ထွက်ပေါ်လာရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဒေသခံပညာတတ်များ တိုးပွားလာမှသာ ယင်းပညာတတ် မျိုးဆက်သစ်များက ကယားပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးအောင် ဆက်လက်သယ်ပိုး ဆောင်ကြဉ်းပေးသွားနိုင်မှာဖြစ်ကြောင်းဖြင့် မှာကြားပြီး ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ၊ သရုပ်ပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လှိုင်ကော်တက္ကသိုလ်၏ အဆောက်အအုံများ၊ ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် တက္ကသိုလ်ပရဝုဏ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇွန် ၂၀ရက် နံနက် ၈နာရီတွင် လှိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ပြည်နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော်များအတွက် ဆွမ်းဆန်တော်နှင့် ဆီလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး လှိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်မှ ပြည်နယ်၊ခရိုင်၊မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်း အဖွဲ့ဝင်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✦

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လှိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ပြည်နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော်များအတွက် ဆွမ်းဆန်တော်နှင့် ဆီလှူဒါန်းပွဲတွင် လှိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသာမိထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လှိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် အမျိုးသား၊အမျိုးသမီး ဆေးကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ စာမျက်နှာ ၁၁ မှ

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြင့်တော်မူကြသည်။

ထို့နောက် ရွှေတောင် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ပညာသာမိအား အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွမ်းဆန်တော်ဆီ၊ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များက ဆရာတော်သံဃာတော်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတောင် ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာနှင့် ရေစက်ချတရားတော် နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေ၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကွန်ပျူတာကောလိပ်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် အစိုးရ ကွန်ပျူတာ ကောလိပ် (လွိုင်ကော်)သို့ သွားရောက်ကြရာတာဝန်ခံကျောင်းအုပ် ဒေါ်မြင့်မြင့်မော်နှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ကောလိပ်ခန်းမ၌ တာဝန်ခံကျောင်းအုပ်က အစိုးရ ကွန်ပျူတာ ကောလိပ်(လွိုင်ကော်) ဖွင့်လှစ်ခဲ့မှု၊ ကောလိပ်သို့ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှု၊ ဆရာ ဆရာမနှင့် ဝန်ထမ်း အင်အား၊ စာသင်ဆောင်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကောလိပ်၏ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှ တစ်ဆင့် အစိုးရ နည်းပညာ ကောလိပ် (လွိုင်ကော်)သို့ ရောက်ရှိကြရာ ကျောင်းအုပ် ဒေါ်ဌေးဌေးက သင်ကြား၊ စီမံကိန်းများ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား ထူးချွန်ထက်မြက်သူများ ဖြစ်လာအောင် သင်ကြားပေးရင်း တစ်ဖက်ကလည်း မိမိတို့၏အသိပညာနှင့် ဉာဏ်ရည်ဉာဏ်သွေးများ မြင့်မားသည်ထက် မြင့်မားတတ်မြောက်လာအောင်လည်း ကြိုးစားကြရန်မှာကြားပြီး ကောလိပ်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ကားလမ်းများဖွံ့ဖြိုးရေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ် အစည်းအဝေးခန်းမသို့ သွားရောက်၍ ကယားပြည်နယ်အတွင်းရှိ ကားလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ကယားပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးဇော်ဝင်းက ကယားပြည်နယ်သို့ ဝင်ရောက်နိုင်သည့် လမ်းများအနက် မြောက်ဘက်ဝင်ပေါက် လမ်းများဖြစ်သည့် ၁၆မိုင်၂ဖာလုံရှိ ထီးစဲခါး-လွိုင်ကော်လမ်းနှင့် ၄၇မိုင် ၄ဖာလုံ ရှိ ပင်လောင်း-လွိုင်ကော်လမ်း၊ အနောက်ဘက် ဝင်ပေါက်လမ်းများဖြစ်သည့် ၆၂မိုင်ရှိ လွိုင်ကော်-ဆူးပြောင်းလမ်းနှင့် ၄၈မိုင်ရှိ ဖားဆောင်း-မော်ချီးလမ်း၊ တောင်ဘက် ဝင်ပေါက်လမ်းဖြစ်သည့် ၇၅မိုင်၄ဖာလုံရှိလွိုင်ကော်-ဖားဆောင်းလမ်း၊ အရှေ့ဘက်ဝင်ပေါက်လမ်းများဖြစ်သည့် ၄၉မိုင်၇ဖာလုံရှိ လွိုင်ကော်-တာတမော့လမ်း၊ မိုင်၅၀ရှိ ဖားဆောင်း-ဘီပီ၊ ၁၃လမ်းနှင့် ၂၇မိုင် ၃ဖာလုံရှိ ဘော်လခဲ-စွက်ပိုင်လမ်းတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ လွိုင်ကော်-ရာဒို-လိပ်သို-တောင်ငူကားလမ်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လမ်းများ၏ လက်ရှိအခြေအနေ၊ မိုးတွင်းကာလလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ပွင့်လင်းရာသီတွင် လမ်းများအဆင့်မြှင့်နိုင်ရေးအတွက် ပြင်ဆင်စီမံဆောင်ရွက်နေမှုများ၊ ရရှိပြီးသည့်ရန်ပုံငွေများ၊ တောင်းခံထားသည့် ရန်ပုံငွေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အတော်များများ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

အထူးသဖြင့် မြစ်ကူး-ချောင်းကူးတံတားကြီးများကို ပြည်နယ်နှင့်တိုင်းဒေသအသီးသီးရှိ လိုအပ်သည့်နေရာများ၌ အများအပြား တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

လမ်းညွှန်ထား

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ယခုနှစ်မှစ၍ လမ်းနှစ်အဖြစ် သတ်မှတ်၍ လမ်းများချောမွေ့ကောင်းမွန် တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်ထားကြောင်း။

ကယားပြည်နယ်၌လည်း လမ်းများ တိုးတက်ကောင်းမွန်အောင် တာဝန်ရှိသူများက စေတနာထား၍ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ရှင်းလင်းပြောကြား

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှသာ ပြည်နယ်၏ စီးပွားရေး၊ လူမှုရေး အခြေအနေများသည် တိုးတက်ကောင်းမွန်လာမည်ဖြစ်၍ ပြည်နယ်အုပ်ချုပ်ရေးတာဝန်ခံများ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် လမ်းများကို ဦးစားပေးအစီအစဉ် သတ်မှတ်ကာ တိုးတက်ကောင်းမွန်အောင် ဖိဖိစီးစီး ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နယ်မြေခံတပ်နယ်အစည်းအဝေးခန်းမ၌ ကယားပြည်နယ်အတွင်းရှိ ကားလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

"အရိုးအဆစ်ဆယ်စုနှစ်" ပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့နှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် "အရိုးအဆစ်ဆယ်စုနှစ်"ပညာပေး ဟောပြောပွဲနှင့်စမ်းသပ်မှုကို ဇွန် ၁၉ရက် နံနက် ၉နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ ပညာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ ဆရာမများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် အကြောအဆစ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာချစ်စိုးက အရိုးနှင့်အကြောအဆစ် ဆယ်စုနှစ်အကြောင်းကိုလည်းကောင်း၊ အရိုးရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာခရစ္စတိုဖာဆန်က အရိုးပွရောဂါအကြောင်းသိကောင်းစရာနှင့် အရိုးအဆစ်ရောဂါအကြောင်းကိုလည်းကောင်း၊ အထူးကု ဒေါက်တာပန်ဒိုရာအောင်ကြီးက ခါးနာခြင်းနှင့်အရိုးပွခြင်းအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းပြီး သက်ဆိုင်ရာဆရာဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် Max မြန်မာကုမ္ပဏီမှ ဦးဇော်ဇော်၏ဇနီး ဒေါ်ဌေးဌေးခိုင်က အရိုးအဆစ် သုတေသနပြုရန် အလှူငွေကျပ်နှစ်သိန်းကိုလှူဒါန်းသည်။ ထို့နောက် ဆရာဝန်ကြီးများက တက်ရောက်လာကြသော ဆရာမများအား "အရိုးအဆစ်သိပ်သည်းဆ" တိုင်းတာပေးသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အစ္စရေးနိုင်ငံသံအမတ်ကြီးတွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaacov Avrahamy လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၁

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Yaacov Avrahamy သည် ယမန်နေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဗိုလ်မှူးရဲတင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၁-၆-၂၀၀၄)

ဝ	-	၈ ဒသမ ၁၉ လက်မ
စစ်တွေ	-	၆ ဒသမ ၈၅ လက်မ
ဇလွန်	-	၅ ဒသမ ၂၀ လက်မ
ဟသ်ာတ	-	၄ ဒသမ ၆၈ လက်မ
သံတွဲ	-	၄ ဒသမ ၀၉ လက်မ
မှော်ဘီ	-	၃ ဒသမ ၇၀ လက်မ

အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့နှင့် ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်းသိကောင်းစရာ ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ တာဝန်ခံများ၊ ရန်ကုန် သူနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်မေဝင်းအောင်ခင်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် သူနာပြုတက္ကသိုလ် ကျောင်းသူများ စုစုပေါင်း ၇၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ၊ နောက်ခံသမိုင်းနှင့် လုပ်ငန်းတာဝန်များအကြောင်းကို အသေးစိတ် ရှင်းလင်းဟောပြောသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းအား တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့နှင့် ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ရန်ကုန်သူနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဒေါ်မေဝင်းအောင်ခင်တို့က အမှတ်တရလက်ဆောင်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခတ္တာလမ်း အမှတ် ၁၅နေ ဆရာမ ဒေါ်အေးအေး၊ ဆရာမဒေါ်ဌေးဌေး အထပြ(ငြိမ်း)မိသားစုတို့က ဒေါ်ဌေးဌေး၏ (၇၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ဇွန် ၂၀ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ တောင်ကြီးစက်မှုဇုန်၌ ဆွေးနွေးမှာကြား

ရန်ကုန် ဇွန် ၂၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသိသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီး အေးသာယာစက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုဇုန်ကွပ်ကဲကြီးကြပ်ရေးရုံးခန်းမ၌ စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဝင်များ၊ သံရည်ကျိုစက်ရုံနှင့်ပုံဖိုပုံထောင်းစက်ရုံဖြစ်မြောက်ရေး ကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး စွမ်းအင်စီမံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က အေးသာယာစက်မှုဇုန်အနေဖြင့် ဆက်လက်ဆောင်ရွက်သွားရမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အေးသာယာစက်မှုဇုန် သံရည်ကျိုစက်ရုံ တည်ဆောက်ရေးဦးစီးကော်မတီ အတွင်းရေးမှူး ဦးမြင့်သိန်းက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် သံရည်ကျိုစက်ရုံအတွက် အသုံးပြုရန် လိုအပ်သောရေ ရရှိရေး၊ အသေးစားဆည် တည်ဆောက်ရမည့် အခြေအနေကို ဆည်မြောင်းဦးစီးဌာနမှ ပြည်နယ်ဦးစီးအရာရှိ ဦးသာထွန်းစိန်က လည်းကောင်း၊ လိုအပ်သည့် လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေး ဆောင်ရွက်ရမည့် အခြေအနေများကို ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သောင်းက လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သတ်မှတ်ပေး

ဆက်လက်၍ ဝန်ကြီးသည် အေးသာယာစက်မှုဇုန် သံရည်ကျိုစက်ရုံတည်ဆောက်ရေး ဦးစီးကော်မတီဝင်များလိုက်ပါလျက် သံရည်ကျိုစက်ရုံ တည်ဆောက်မည့် မြေနေရာသို့ သွားရောက်ကာ မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်ထားမှု အခြေအနေနှင့် စက်ရုံအလိုက် တည်ဆောက်ရမည့် နေရာခင်းကျင်းထားရှိမှု ပုံစံတို့ကို စစ်ဆေးအတည်ပြု သတ်မှတ်ပေးပြီး သတ်မှတ်ကာလအမီ ပြီးစီးရေးကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ထောက်ကြန့်ကလေးပြုစုရေးဌာနသို့ စားစရာနှင့် အချိုရည်ဘူးများလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဒေါ်ကြည်ကြည်ဝင်းက လက်ခံရယူစဉ်။ (လူမှုဝန်ထမ်း)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ထောက်ကြန့်ကလေး ပြုစုရေးဌာနစစ်ဆေး

ရန်ကုန် ဇွန် ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ကလေးပြုစုရေးဌာနသို့သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး ကလေးများအတွက် စားစရာမုန့်နှင့် ဖျော်ရည်များပေးအပ်သည်။

ထို့နောက် စားရိပ်သာကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကလေးများ ကျန်းမာရေးကိုအထူးဂရုစိုက်ဆောင်ရွက်ကြရန်မှာကြားသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲ မြန်မာအသင်း ရွှေ(၂)၊ ငွေ(၁)ရရှိ

ရန်ကုန် ဇွန် ၂၁

သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲကို ဇွန် ၁၉ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ကျင်းပရာ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်ဦးဆောင်သော အားကစားသမားသုံးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ထိုသို့ယှဉ်ပြိုင်ခဲ့ရာတွင် (၈၅)ကီလိုတန်း၌ မြန်မာနိုင်ငံမှ မင်းဇော်ဦးက ပထမရွှေတံဆိပ်ဆုကိုလည်းကောင်း၊ (၇၀)ကီလိုတန်း၌ မြန်မာနိုင်ငံမှ အောင်ခိုင်ဝင်းက ပထမရွှေတံဆိပ်ဆုကိုလည်းကောင်း၊ (၅၅)ကီလိုတန်း၌ မြန်မာနိုင်ငံမှ ဇော်ဝမ်းက ဒုတိယငွေတံဆိပ်ဆုကိုလည်းကောင်း အသီးသီး ဆွတ်ခူးရရှိကြပြီး အသင်းလိုက်ပြိုင်ပွဲ၌ စင်ကာပူအသင်းက ပထမ၊ ဗီယက်နမ်အသင်းက ဒုတိယနှင့် မြန်မာအသင်းက တတိယရရှိသည်။ မင်းဇော်ဦးသည် (၈၅)ကီလိုတန်း၌ ပထမရွှေတံဆိပ်ဆုအပြင် အကောင်းဆုံးကာယဗလသမား (Best Bodybuilder)ဆုနှင့် မစ္စတာဘာလီ ၂၀၀၄ (Mr. Bali, 2004)ဆုများကိုလည်းကောင်း ထပ်မံဆွတ်ခူးခဲ့သည်။

(သတင်းစဉ်)

❍ ဒိန်းမတ်မှ

ပထမရနိုင်သောအသင်းနှင့် ဒုတိယရနိုင်သောအသင်းတို့သည် ကွာတားမှ လွတ်မြောက်ပြီး ဆီမီးဖိုင်နယ်သို့ရောက်ရေးအတွက်ပါ ထည့်သွင်းစဉ်းစားကြလိမ့်မည်ဖြစ်သည်။ ကွာတားဖိုင်နယ်တွင် မိမိကိုဒုက္ခပေးမည့်အသင်းကိုရှောင်ပြီး အနိုင်ရရန်လွယ်ကူသော အသင်းအား ထိပ်တိုက်ရင်ဆိုင်တွေ့မည်ဖြစ်သည်။ ၎င်းမှာ နည်းပြဆရာတိုင်း မိမိအသင်းအောင်မြင်ရေးအတွက် ထည့်သွင်းစဉ်းစားရသော နည်းဗျူဟာတစ်ခုဖြစ်သည်။ ထိုနည်းတူစွာပင် ပွဲကြည့်ပရိသတ်များအနေဖြင့်လည်း ဘယ်အသင်းတွေ ဘယ်လိုကစားပြီး ကွာတား၊ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်သည်ကို တွက်ဆတတ်ဖို့ လိုပေသည်။

ယနေ့အုပ်စု (ဂ)၏ အဆုံးအဖြတ်ပေးမည့်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြတော့မည်။

ဇွန် ၂၃ ရက် (ဗုဒ္ဓဟူးနေ့)
နံနက် ၁း၁၅ နာရီ
ဒိန်းမတ်-ဆွီဒင်

“ဘူဂေးရီးယားနှင့် အီတလီပွဲတွေကိုကြည့်ရင် ဆွီဒင်ရဲ့နောက်တန်းဟာ လုံတာကိုတွေ့ရတယ်။ အလယ်တန်းမှာတော့ ယွန်းဘတ်၊ နယ်လ်ဆင်တို့ တစ်ဖက်နောက်တန်းတွေကို မွှေနှောက်ပြီး ရှေ့တန်းမှ လာဆင်၊ အီဗာရာဟီမိုဟစ်တို့ကို ဂိုးရအောင် ဖန်တီးပေးနိုင်တယ်။ နောက်ပြီး သူတို့ရဲ့ တစ်ချက်ထိနဲ့ ဖောက်ထွက်သွားတာလေးတွေကလည်း တစ်ဖက်နောက်တန်းတွေ ကျန်နေလေ့ရှိတယ်။ ခက်တာက ဆွီဒင်ဟာ ကွင်းလယ်ကစားကွက်ကို ပိုင်ပိုင်လုပ်ကစားတတ်တဲ့ အသင်းတော့မဟုတ်ဘူး။ ဒီပွဲမှမဟုတ်ဘူး။ ဟိုကမ္ဘာ့ဖလားကတည်းကပဲ။ နောက်ဘက်အစွန်းကနေ ရှေ့ကိုလှမ်းတင်ကစားမယ်။ ဘေးဘက်မှနေပြီး ထိုးဖောက်တယ်။ အလစ်အငိုက်မှာ အလယ်အူကြောင်းက တိုးကစားမယ်။ ဆွီဒင်ရဲ့နည်းဟာ ဒါပဲ။ အဲ-တန်ပြန်တိုက်စစ်ကတော့ မြန်ပြီးသွက်တယ်။ နောက် တစ်ချက်ပြောဖို့ကျန်တာက ကစားအားမကျတာဘဲ။ တစ်ဖက်ရဲ့အငိုက်ကို ချောင်းပြီး ဂိုးသွင်းတတ်တယ်”ဟု ဆွီဒင်အသင်းအပေါ် စာရေးသူမိတ်ဆွေက သုံးသပ်ပြသည်။

ဆွီဒင်သည် ပထမတန်းစား အသင်းမဟုတ်သည့်တိုင် ဒုတိယတန်းစားထဲမှာ အကောင်းဆုံး အသင်းတစ်သင်းအဖြစ် သတ်မှတ်ရမည်။ ဘူဂေးရီးယားနှင့် အီတလီအသင်းတို့သည် တစ်ချိန်လုံးဖိထားသည့်ကြားမှ စိတ်ရှည်ရှည်နှင့်စောင့်ပြီး တစ်ဖက်၏ဟာကွက်ကို အခွင့်ကောင်းယူဂိုးသွင်းတတ်သည်။ ဆွီဒင်၏ကောင်းချက်တစ်ခုမှာ ပြိုင်ဘက်အနေအထားကိုကြည့်ပြီး နည်းဗျူဟာ၊ နည်းပရိယာယ်ကို ပြောင်းလဲကစားတတ်သည်။ ကွင်းလယ်ကစားကွက်တွင် မိမိက အသာစီးမရနိုင်ဟုထင်လျှင် ကွင်းလယ်ထဲသို့ ဘောလုံးကိုဆွဲထည့်မကစားဘဲ ရှောင်တတ်သည်။ ဘေးစွယ်မှ ကွင်းလယ်ကိုကျော်ပြီး အဝေးသို့ လှမ်းတင်ပေးပြီး ကစားသည်။ တစ်ခုဆိုစရာရှိသည်မှာ ဆွီဒင်၏ ကွင်းလယ်ခံစစ်သမားမရှိခြင်းဖြစ်သည်။

ဒိန်းမတ်သည် ကွင်းအလယ်ကောင်တည့်တည့်မှ ထိုးဖောက်ကစားရာတွင် ကောင်းသည်။ အီတလီနှင့်ပွဲတွင်လည်းကောင်း၊ ဘူဂေးရီးယားပွဲတွင်လည်းကောင်း ဒိန်းမတ်၏ အလယ်ကြောထိုးဖောက်ချက်ကို တွေ့ရမည်ဖြစ်သည်။ ဒိန်းမတ်၏ ကွင်းလယ်သည် ဆွီဒင်ထက် အားပိုကောင်းသည်။ ရှေ့နှစ်ပွဲစလုံးမှာ ကွင်းလယ်ကစားကွက်ဖြင့် ထိုးဖောက်ကစားနိုင်ခဲ့သည်။ ဘယ်ညာမှ ထိုးဖောက်တိုက်စစ်ဆင်မှုများလည်း ကောင်းသည်။ ဒိန်းမတ်၏ရှေ့တန်း ဂိုးသွင်းချက်များသည် တစ်ခါတစ်ရံ မသေသပ်ဘဲဖြစ်နေတတ်သည်။

နောက်တန်းကလည်း ဆွီဒင်ကဲ့သို့ပင်မာသည်။ ညာအစွန်းမှ ဟဲလ်ဗက်ဆိုလျှင် မြန်ပြီးမာသည်။ ခံစစ်ကောင်းသော ဒိန်းမတ်က ဆွီဒင်ရှေ့တန်းသမားများကို ထိန်းချုပ်နိုင်လိမ့်မည်ဖြစ်သည်။ မာရေကျောရေတွင် ဒိန်းမတ်သည် ဆွီဒင်ထက်သာသည်။ ဒိန်းမတ်၏အားနည်းချက်တစ်ခုမှာ စိတ်လှုပ်ရှားလွယ်ခြင်းဖြစ်သည်။

“ဆွီဒင်ကတော့အုပ်စုတတ်ဖို့ သေချာသလောက်ရှိပါတယ်။ အမှတ်တူပေမယ့် ဂိုးအရေအတွက်ကြောင့်ပါ။ ဒိန်းမတ်ကတော့ အီတလီထက် အမှတ်အရရော၊ ဂိုးအရေအတွက်ပါ သာနေပါတယ်။ နှစ်သင်းစလုံး ခြေရည်တူလောက်ရှိတယ်။ နောက်တန်းခိုင်မှုကတော့ အတူတူလောက်ပဲရှိတယ်။ အလယ်တန်းကျတော့ ဒိန်းမတ်ကပိုကောင်းတယ်။ စီးလည်းစီးတယ်။ ရှေ့တန်းမှာ ဆွီဒင်ကသာတာ မှန်ပါတယ်။ ဒါပေမယ့် ဒိန်းမတ်အလယ်တန်းက ဂရွန်ဂျာတို့၊ပေါလ်ဆန်တို့ဆိုတာ ဂိုးသွင်းခြေရှိတဲ့လူတွေ။ ကမ္ဘာ့ဖလားမှာ အင်္ဂလန်ကိုရှုံးခဲ့တဲ့ နည်းဗျူဟာအမှားမျိုးကိုတော့ ဒိန်းမတ်တွေလုပ်တော့မှာမဟုတ်ပါဘူး။ ပြင်သစ်၊ ဥရုဂွေးတို့ ဆီနီဂေါတို့ကို ကန်ခဲ့တဲ့ခြေမျိုးရမယ်ဆိုရင်တော့ ဒိန်းမတ်သေချာပေါက်နိုင်ပြီ။ ဒါကြောင့် ဒီပွဲမှာ ဒိန်းမတ်တွေအနိုင်ရလိမ့်မယ်လို့ ယူဆမိပါတယ်” ဟု မိတ်ဆွေဘောလုံးဝါသနာအိုးကို ပြောပြသည်။

ဇွန် ၂၃ ရက် (ဗုဒ္ဓဟူးနေ့)
နံနက် ၁း၁၅ နာရီ
အီတလီ-ဘူဂေးရီးယား

“ကျွန်တော်ကတော့ အီတလီအသင်းကို တော်တော်စိတ်ပျက်နေမိပြီ။ ဒိန်းမတ်ကို ဂိုးမရှိသရေကျလို့ မကျေမနပ်ဖြစ်နေတဲ့ စိတ်တွေဟာ နောက်ပွဲအထိ ဆက်ပါလာခဲ့သေးတယ်ဗျာ။ ဆွီဒင်ကို ကိုယ်က အနိုင်ရထားပြီးမှ သရေပြန်ကျသွားတာကတော့ အသည်းနာဖို့ကောင်းတယ်။ ပြီးခါနီး ခံစစ်သွားကစားတာ မှားတယ်ဗျာ။ နှစ်ပွဲစလုံး ကိုယ်ကအထက်စီးကနေ ကစားခဲ့ရတယ်။ ဆွီဒင်ကို သရေကျလိုက်တာ အများကြီးနစ်နာခဲ့ရတယ်။ အခု ကစားမယ့် ဘူဂေးရီးယားနဲ့ပွဲက ဘာမှအရေးမပါတော့ဘူး။ နိုင်ဦးတော့ အုပ်စုတက်မတဲ့လား။ ဒိန်းမတ်က ဆွီဒင်ကိုနိုင်သွားရင် ကိုယ်က ကျန်ခဲ့မယ်။ လောလောဆယ်မှာ ကိုယ်က သွင်းဂိုး-ပေးဂိုး တစ်ဂိုးစီပဲရှိနေတယ်။ ဆွီဒင်က သွင်းဂိုးခြောက်ဂိုး၊ ပေးဂိုး တစ်ဂိုးရထားတယ်။ ဒါကြောင့် ဆွီဒင်နဲ့ ဂိုးကွာဟချက် ကျော်အောင် ဘူဂေးရီးယားကို အီတလီက ခြောက်ဂိုးလောက်ပိတ်သွင်းမှ ဖြစ်နိုင် မယ့် သဘောရှိတယ်။ ဘူဂေးရီးယားက ဆွီဒင်နဲ့ပွဲမှာ ငါးဂိုးလောက်ပေးရပေမယ့် ခြေအညံ့ကြီးမဟုတ်ဘူး။ ဒေါသစိတ်ကြောင့် အမှားမှားအယွင်းယွင်းတွေဖြစ်ပြီး ပေးလိုက်ရတာ။ နောက်ပွဲမှာလည်း အဲဒီလိုပဲ ခပ်ကြမ်းကြမ်းတွေ ကစားလို့ ဂိုးတွေပေးရတာ။ သူကစားပုံဟာ ကောင်းတယ်။ ဘူဂေးရီးယားကွင်းလယ်က အမ်ပီထရော့ဗ်နဲ့ ဂျန်ကိုဗစ်တို့ဆိုတာ ပြိုင်ဘက်အသင်းကို ဘာမွှေသလဲမပြောနဲ့။ ရှေ့တန်းက ဘာဘတော့(ပ်)ဆိုတာလည်း တစ်ဖက်နောက်တန်းတွေ မျက်စိဒေါက်ထောက်ကြည့်ရတဲ့ ကစားသမားပဲ။ ဒါကြောင့် ဘူဂေးရီယားကို ခြောက်ဂိုးလောက်ပြတ်ဖို့ဆိုတာ လွယ်တော့မလွယ်ဘူးဗျ”ဟု စိတ်ပျက်လက်ပျက် ရှည်လျားစွာပြောပြနေသည့် အီတလီအသည်းစွဲ လူငယ်လေးတစ်ယောက်ကို ကျွန်တော်ငေးကြည့်နေမိပါသည်။

လက်ရှိအနေအထားမှာ အီတလီအတွက် ကုစရာဆေးမရှိတော့ချေ။ ဘူဂေးရီးယားက ရုရှားကဲ့သို့ပင် အီတလီကို ခံကစားသွားနိုင်သည်။ သို့သော် အီတလီနှင့်ဂရိအနေအထားမှာ မတူချေ။ ဂရိကရှုံးလည်း ဂိုးကွာဟချက်ဖြင့် တက်သည်။ အီတလီက အနိုင်ကစားရမည်။ နိုင်လျှင်တောင် အုပ်စုတက်ဖို့က မသေချာ။ ဂိုးများများပြတ်ရမည်။

အီတလီသည် ယူရိုပြိုင်ပွဲတွင် ရေပန်းစားနေသော အသင်းတစ်သင်းဖြစ်သည်။ ကမ္ဘာကျော် ဘောလုံးသမားများပါဝင်သည်။ ကစားပုံ၊ ကစားကွက် အဆင့်မြင့်သည်။ သို့သော် ဆွီဒင်၊ ဒိန်းမတ် အသင်းများကို သရေကျခဲ့သည်။ ယခုကစားမည့် ဘူဂေးရီးယားနှင့်ပွဲတွင်လည်း အီတလီအသင်းခြေသာသည်။ မည်သို့ပင်ဖြစ်စေ ဘူဂေးရီးယားကလည်း နှစ်ပွဲရှုံးထားသည့် အသင်းဖြစ်သလို အီတလီကလည်း နှစ်ပွဲစလုံး သရေကျထားသော အသင်းဖြစ်ရာ ဂုဏ်သိက္ခာအတွက် ကန်ကြလိမ့်မည်။ ဘူဂေးရီယားက အီတလီကိုရှုံးခဲ့သော် ဘာမှမဖြစ်သော်လည်း အီတလီက ဘူဂေးရီယားကိုမနိုင်လျှင် ပြဿနာရှိသည်။ နာမည်ကြီးအသင်းတစ်သင်းအနေဖြင့် ပွဲတစ်ပွဲလောက်တော့ နိုင်မှတင့်တယ်ပေလိမ့်မည်။ သရေဆိုလျှင်လည်း အီတလီပြည်သူတွေရော ပရိသတ်ပါ လက်ခံကြလိမ့်မည်မဟုတ်။ ဒါကြောင့် အီတလီသည် သိက္ခာဆည်သောပွဲအဖြစ် ဘူဂေးရီယားပွဲကို နိုင်အောင် ကစားသွားလိမ့်မည်ဖြစ်သည်ဟု စာရေးသူ ယူဆမိပါသည်။ ။

ပွဲစဉ်များပြီးဆုံးသွားသည့် အုပ်စု(က)မှ အသင်းများ၏အခြေအနေ

အုပ်စု(က)	ကစားပြီး	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ပေါ်တူဂီ	၃	၂	၀	၁	၄	၂	၆
ဂရိ	၃	၁	၁	၁	၄	၄	၄
စပိန်	၃	၁	၁	၁	၂	၂	၄
ရုရှား	၃	၁	၀	၂	၂	၄	၃

အုပ်စု(က)မှ ပေါ်တူဂီနှင့်ဂရိတို့ ကွာတားဖိုင်နယ်တက်

ရန်ကုန် ဇွန် ၂၁

ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲ အုပ်စု(က)မှ နောက်ဆုံးပွဲစဉ်များကို ဇွန် ၂၁ရက် နံနက် ၁နာရီ ၁၅မိနစ်က ပေါ်တူဂီနိုင်ငံတွင် ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီအသင်းက စပိန်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ရုရှားအသင်းက ဂရိအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။ ပေါ်တူဂီအသင်းသည် နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိသွားသည်။ ဂရိအသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် လေးမှတ်ရရှိကာ စပိန်အသင်းနှင့် ရမှတ်တူညီသော်လည်း သွင်းဂိုးကွာခြားချက်ဖြင့် အုပ်စုဒုတိယရရှိသွားသည်။

ပေါ်တူဂီအသင်းသည် ဇွန် ၂၅ရက် နံနက် ၁နာရီ ၁၅မိနစ်တွင် အုပ်စု(ခ)မှ ဒုတိယရရှိသည့်အသင်းနှင့်လည်းကောင်း၊ ဂရိအသင်းသည် ဇွန် ၂၆ရက် နံနက် ၁နာရီ ၁၅မိနစ်တွင် အုပ်စု(ခ)မှ ပထမရရှိသည့်အသင်းနှင့်လည်းကောင်း ကွာတားဖိုင်နယ်ပွဲများအဖြစ် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

(ကြေးမုံ)

အခြေခံပညာ အလယ်တန်း၊ အထက်တန်း စာသင်သားများအတွက် Student's Companion စာစဉ်ထုတ်ဝေမည်

နယူးလိုက်အော့ဖ်မြန်မာသတင်းစာ စာတည်းအဖွဲ့က သင်ရိုးညွှန်းတမ်းများနှင့်အညီ ပြုစုထားသည့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသူ/သားများ အတွက် အင်္ဂလိပ်စာအထောက်အကူပြု Student's Companion စာစဉ်များကို ၂၀၀၄ ခုနှစ်၊ ဇူလိုင်လဆန်းမှ စတင်၍ ပြန်လည်ထုတ်ဝေပါမည်။

ယခင်နှစ်များနည်းတူဇူလိုင်လမှ ဒီဇင်ဘာလအထိ(၆)လတာ ကာလအတွင်း အလယ်တန်း (၅၊၆၊၇၊၈–တန်း)၊ အတွက်တစ်စောင်၊ အထက်တန်း(၉တန်းနှင့်တက္ကသိုလ်ဝင်တန်း) အတွက်တစ်စောင်၊ တစ်လလျှင်တစ်ကြိမ်နှုန်းဖြင့် (၆)ကြိမ် ပုံမှန်ထုတ်ဝေပါမည်။ စောင်ရေအကန့်အသတ်ဖြင့် ရိုက်နှိပ်ဖြန့်ချိမည်ဖြစ်ပါ၍ တစ်စောင်လျှင် လက်ကားဈေး ကျပ် ၅၀ နှုန်းဖြင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်၊ ဖြန့်ချိရေးဌာန၊ အမှတ်၂၂/၃၀၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၂၉၇၀၉၃ သို့ ဆက်သွယ်မှာယူနိုင်ပါပြီ။

Y.E.S. မှ အင်္ဂလိပ်စကားပြော သင်တန်းများ

Basic Spoken English JUNE - 14, 21, 26
Pre-Intermediate English JUNE - 14, 21, 26
SAT (I), Intermediate English JUNE - 1, 26
Vocabulary Enrichment Course JUNE - 14
Grammar Foundation Course JUNE - 28
AWC, BWC, TOEFL, IELTS, SAT (II) / AE
No.**, Y.M.C.A Building, Bogalayzay Street, Botataung TSP.
- 245821

Condominium, Junction (8), Shopping Center 1250 Sqft, 1MBR, 2BR, AC, Ex-Phone
095016838, 510626

ဟာသဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၁

တွတ်တွတ်၏ မျက်နှာဖုံးကာတွန်းနှင့် ဆရာပြည့်စုံ(သွေးသောက်)၊ ဆရာသာဂဒိုး၊ မြေဇာ၊ မော်ဝန်းကြည်မြတ်၊ ကာတွန်းမြင့်စိုးလေး၊ ကာတွန်းမင်းအောင်၊ ဆြာကြီးထိန်၊ ဆရာကြီး ထိပ်တင်ဗလရှင်၊ မောင်သွေးရင့်၊ တေးသံရှင်ကြည်အောင်၊ မြင့်သန်းဦး၊ ကောင်းကိုကို၊ ရွှေညာမြေမောင်ဖိုးထောင်၊ ကာတွန်းမောင်ဝဏ္ဏ၊ ကျော်ဇောဟိန်း(ဒေါ်ပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသအတွေးအမြင်၊ ရုပ်ရှင်၊ သဘင်၊ ဟာသပုံရိပ်တို့ဖြင့် ဟာသဂျာနယ်အတွဲ(၂) အမှတ်(၄၆)ကို ဝါမိုးအောင်စာပေ အမှတ်(၅၂၉)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ (က–ပ)

ပုသိမ်အသင်း(ရန်ကုန်)၏ မျိုးဆက်သစ် လူငယ်များက ပညာရေးထောက်ပံ့မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် အမှုဆောင်များ အစည်းအဝေးကို ဗဟန်းမြို့နယ် ကြားတောရလမ်း တိပိဋကဓမ္မရက္ခိတ ဗိမာန်ခန်းမတွင် ဇွန် ၂၀ ရက်က ကျင်းပရာ အသင်းနာယက ဦးကျော်အေး အမှာစကားပြောကြားစဉ်။ (၄၃)

မြစ်ရေကြီးခြင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇွန် ၂၁

ချင်းတွင်း မြစ်ရေသည် ယနေ့ နံနက် ၆:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ခန္တီးမြို့တွင် ၈၉၂ စင်တီမီတာနှင့် မော်လိုက်မြို့တွင် ၇၆၀ စင်တီမီတာသို့ရောက်ရှိနေပြီး ၂၄ နာရီအတွင်း ရှစ်ပေခန့်စီ တိုးလာသည်။ အဆိုပါ ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်းချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် လက်ရှိရေမှတ်များအထက် ၂၅၀စင်တီမီတာ(ရှစ်ပေခန့်)မြင့်တက်လာနိုင်ပြီး ဟုမ္မလင်းမြို့တွင် စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

အတာ

မိ ခွင့်လွှတ်တယ်၊ အမြန်ပြန်လာပါ။ အားလုံး အဆင်ပြေစေရမယ်။

မြင့်ဝေ။

ကားဝယ်လိုသည်

လုပ်ငန်းသုံး ၁ တန်ခွဲ (သို့) ၁၂ တန်ကား။
အကျွရာနိမ့်
ဖုန်း – ၂၅၁၉၆၀၊ ၂၅၁၉၆၁ (ရုံးချိန်အတွင်း)

တိုက်ခန်းရောင်းမည်

အမှတ်၃၆(B)(၃)၊ သုံးလွှာ၊ အလံပြဘုရားလမ်း၊ ယုဇနဂါးဒင်းဟိုတယ်ကပ်လျက်၊ 18'x60'၊ အဆင့်မြင့် ပြင်ဆင်ပြီး၊ ကိုယ်ပိုင်ရေ၊ ကိုယ်ပိုင်မီတာ၊ ဖုန်းပါသည်။ (ညှိနှိုင်းဈေး)
ဖုန်း – ၀၁–၂၅၀၆၄၄
၀၉–၉၉၂၅၈၆၈

MMBox MYANMAR MEDIA BOX RICH MEDIA IN ONE BOX
Euro 2004
အုပ်စုနောက်ဆုံး ဘောလုံးပွဲစဉ်များအားလုံးကို MMBox မှ နေ့စဉ် ၂ ပွဲစလုံး တစ်ပြိုင်နက် တိုက်ရိုက် (Live)

ရက်စွဲ	ပွဲစဉ်	အချိန်
၂၀-၆-၀၄	စပိန် - ပေါ်တူဂီ	၁၉:၄၅ (ဥရောပစံတော်ချိန်)၊ နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)
	ရုရှား - ဂရိ	၁၉:၄၅ (ဥရောပစံတော်ချိန်)၊ နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)
၂၁-၆-၀၄	ခရိုအေးရှား - အင်္ဂလန်	၁၉:၄၅ (ဥရောပစံတော်ချိန်)၊ နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)
	ဆွစ်ဇာလန် - ပြင်သစ်	၁၉:၄၅ (ဥရောပစံတော်ချိန်)၊ နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)
၂၂-၆-၀၄	အီတလီ - ဘူလ်ဂေးရီးယား	၁၉:၄၅ (ဥရောပစံတော်ချိန်)၊ နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)
	ဒိန်းမတ် - ဆွီဒင်	၁၉:၄၅ (ဥရောပစံတော်ချိန်)၊ နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)
၂၃-၆-၀၄	ဟော်လန် - လတ်ဗီးယား	၁၉:၄၅ (ဥရောပစံတော်ချိန်)၊ နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)
	ဂျာမနီ - ချက်	၁၉:၄၅ (ဥရောပစံတော်ချိန်)၊ နံနက် ၁:၁၅ (မြန်မာစံတော်ချိန်)

ဒေါ်တင်ရီ B.A(Eng) ဦးစီးသော
SUPER-A-ONE အင်္ဂလိပ်စကားပြော(၃)မဟာတက်
Interview ... Tourism, Hotel, Company, Student Visa, Grammer.
511231

Myanmar WWW Institute
MWI
65 22 88
Syllabus

မောင်ဘုန်း(Exit)စီစဉ်သည်
အမုန်းများစွာအတွက် TAPE/CD ထွက်ပြီ
ငယ်ဆုး၊ အောင်ကောင်းထက်၊ ကျော်သူစိုး၊ မြေပဲယို၊ ညီသူ၊ မောင်ဘုန်း
SP ,9mm, Dinner Flame, ချောစုခင်၊ ရှင်ဖုန်း၊ ရေစက္ကူဝင်း
EXAMPLEZ
တမ်းတမ်းတတ . . . ချစ်ခဲ့လို့ VCD ထွက်ပြီ

MOTHER LAND ဆောက်လုပ်ရေး နှင့် YADANAR MYAING ဆောက်လုပ်ရေး မှ ဆောက်လုပ်ပြီးစီးသည့်



Phone : 245029, 248912, 204058, 290810.
Fax : 204058.
E-mail : mtm@whitecloud.com.mm
Website : www.motherlandconstruction.com

မြို့တော်ကြီးကို အလှဆင်နေသော ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သကဲ့သို့ နိုင်ငံခြားသား အများအပြားက ရန်ကုန်မြို့ကို မြန်မာနိုင်ငံ၏ပြယုဂ်အဖြစ် ယေဘုယျ သတ်မှတ်ထားကြသည်။ ရန်ကုန်မြို့သည် တစ်ခေတ်တစ်ခါက အရှေ့တောင် အာရှတွင် အလှအပဆုံး မြို့တော်အဖြစ် သတ်မှတ်ခြင်းခံရသော မြို့တော်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရန်ကုန်မြို့တော်အား အလှအပဆုံး ဥယျာဉ်မြို့တော်ကြီး အဖြစ် သာယာလှပလာရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်နေသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသည် ဌာန ၂၀ ဖြင့် ဖွဲ့စည်းထားသည်။ ရန်ကုန်မြို့တော်အား ဥယျာဉ်မြို့တော်ကြီးအဖြစ် တည်ဆောက်ရာတွင် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနသည်အဓိက အခန်းကဏ္ဍမှ ပါဝင်လေသည်။ ထို့ကြောင့် စာရေးသူသည် အထက်ပါဌာန၏ ဌာနမှူးဦးညွန့်ဖေအား ဌာနအကြောင်းအရာ၊ ဥယျာဉ်မြို့တော်အဖြစ် အဆင့်ဆင့်ဖန်တီး ဆောင်ရွက်နေပုံများကို တွေ့ဆုံမေးမြန်းပြီး ဌာနမှူးနှင့်အတူ ကွင်းဆင်းလေ့လာခဲ့ပါသည်။

ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနသည် ၁၉၉၀ပြည့်နှစ် မတိုင်မီအထိ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ တိရစ္ဆာန်ဆေးကုသရေးနှင့် သားသတ်ရုံများဌာနတို့နှင့် တွဲဖက်နေခဲ့ရသောဌာနငယ် တစ်ခုသာ ဖြစ်ခဲ့သည်။

၁၉၉၀ပြည့်နှစ် နောက်ပိုင်းတွင် ရန်ကုန်မြို့တော်ကြီးအား ကမ္ဘာ့အဆင့်မီ မြို့တော်ကြီးများနည်းတူ စိမ်းလန်းစိုပြည် သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်အရ အခြားဌာနများနည်းတူ ဌာနကြီးတစ်ခုအဖြစ် ပြင်ဆင်ဖွဲ့စည်း၍ လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။

ပန်းဥယျာဉ်နှင့်အားကစားကွင်းများ ဌာန ဆောင်ရွက်နေရသော တာဝန်ဝတ္တရားများအနက် အချို့ကို တင်ပြရလျှင် မြို့တော်အတွင်းရှိ စည်ပင်သာယာပိုင် ပန်းခြံ၊ ပန်းဥယျာဉ်များနှင့် အားကစားကွင်းများ ပြုစုထိန်းသိမ်းမွမ်းမံပေးခြင်း၊ အသစ်တည်ဆောက်ပေးခြင်း၊ မြို့တော်အတွင်းရှိ ရေကန်ကြီး၊ ရေကန်ငယ်များ ကြည်လင်သန့်ရှင်း၍ အမြဲသာယာလှပစေရန် ကြီးကြပ်မွမ်းမံ ဆောင်ရွက်ပေးခြင်း၊ ပန်းခြံများ၊ ပန်းဥယျာဉ် အသီးသီးတွင်ရှုချင်စဖွယ် ပန်းအလှပင်များ၊ ရာသီပန်းများ စိုက်ပျိုးပေးခြင်း၊ ကလေးကစားကွင်းများ ဖန်တီးပေးခြင်း၊ ကစားစရာပစ္စည်းများ တီထွင်တပ်ဆင်ပေးခြင်း၊ အန္တရာယ်ဖြစ်စေသည့် သစ်ပင်အိုများနှင့် သစ်ကိုင်းသစ်ခက်များကို ခုတ်လှဲဖယ်ရှားပေးခြင်း၊လိုအပ်သည့်နေရာများ၌ ဖြည့်စွက်စိုက်ပျိုးပေးခြင်း၊ လမ်းဆုံနှင့်လမ်းလယ်ကျွန်းများတွင် စိမ်းလန်းစိုပြည်သော သစ်ပင်များ၊ မြက်ခင်းများ၊ ပန်းအလှပင်များ စိုက်ပျိုးပြုစု ထိန်းသိမ်းပေးခြင်း၊ ရာသီအလိုက် သစ်ပင်ပန်းပင်များကို ပျိုးထောင်ပေးခြင်း၊ စိုက်ပျိုးခြင်းနှင့် မျိုးပွားပေးခြင်း၊ မြို့တော်တစ်ဝိုက် သာယာလှပသော စိတ်ကြည်နူးစရာ ရှုခင်းရှုကွက်များ ဖန်တီးပေးခြင်း၊ လိုအပ်သောနေရာများတွင် စိမ်းလန်းစိုပြည်သော မြက်ခင်းပြင်များ၊ ပန်းအလှပင်များ၊ လမ်းလယ်ခုံများ ဖန်တီးစိုက်ပျိုးပေးခြင်းများဖြစ်သည်။

ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနတွင် ပန်းခြံပေါင်း ၅၉ ခြံ၊ စံချိန်မီ ဘောလုံးကွင်းများ ကွင်းလတ်၊ ကွင်းသေးနှင့် ကလေးကစားကွင်းများ အပါအဝင် အားကစားကွင်း ၁၀၁ ကွင်းရှိသည်။ မြေလွတ်၊ မြေလပ်များတွင် ကျွန်းပင်၊ သစ်ဆိမ့်ပင်၊ မဟော်ဂနီပင်များအား တောအုပ်စိုက်ခင်းများ အသွင်သဏ္ဌာန်ဖြင့် စိုက်ပျိုးထားသည်။

ရန်ကုန်မြို့တော်အား ရေပေးဝေလျက်ရှိသည့် လှော်ကားကန် ရေဝင်ရေလဲကောင်းစေရန် ကန်တစ်ဝိုက်အတွင်း ဧက ၄၀၀ တွင် ကျွန်းစိုက်ခင်းများ စိုက်ပျိုးထားသည်။ ထို့ပြင် တောအုပ် ၃၀ တွင်လည်း ကွက်လပ်မရှိစေရန် အပင်ကြီးအမျိုး ၁၃၅၄၁ ပင် ထပ်မံဖြည့်စွက် စိုက်ပျိုးထားသည်။

ရန်ကုန်မြို့တော်ကြီးအား ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်ရာတွင် အရိပ်ရအပင် ကြီး၊ ငယ်များ၊ ပန်းအလှပင် အမယ်မျိုးစုံ များစွာလိုအပ်သည်။ ထို့ကြောင့် ယခုနှစ်တွင်လည်း မင်္ဂလာပျိုးခြံ၌ ရာသီပန်းမျိုးစုံအား လွယ်လင့်တကူ သယ်ယူနိုင်ရန် ပန်းအိုးငယ်များဖြင့် အပင်ပေါင်း နှစ်သိန်းခြောက်သောင်း ပျိုးထောင်ထားသည်။

ဟံသာဝတီပျိုးခြံသည် မြကန်သာ၊ သုဝဏ္ဏပျိုးခြံများမှ ပျိုးထောင်ထား

လှပစွာတန်ဆာဆင်

အင်းလျားကန်ပေါင်ပေါ်တွင် အပန်းဖြေသူများနားနေရန် ထိုင်ခုံများအား အရိပ်ရထီးများဖြင့် လှပစွာတန်ဆာဆင်ထားသည်။

စဉ်ဆက်မပြတ် ကွက်လပ်နေရာများ၊ ရင့်ရော်အပင်များနေရာတွင် ဖြည့်စွက်ရန် ခြောက်မိုင်ခွဲ မြကန်သာပျိုးခြံ၌ အရိပ်ရသစ်ပင် ၂၂ မျိုး အပင်ပေါင်း သုံးသိန်း၊ သုဝဏ္ဏပျိုးခြံ၌ ပန်းအလှပင် ၁၇ မျိုး အပင်ပေါင်း လေးသိန်း၊ ရန်ကုန်မြို့တော်၏ အဓိကအဝိုင်းကြီးလေးဝိုင်းတွင် အလှဆင်ရန် ကန်တော်ခဲ့သည့် အရိပ်ရအပင်များ၊ ပန်းအလှပင်များအား အပင်ကြီးများဖြစ်လာစေရန် သီးခြားပျိုးထောင်ပေးသော ပျိုးခြံဖြစ်သည်။ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနသည် ရန်ကုန်မြို့တော်နှင့် မြို့တော်စည်ပင် နယ်နိမိတ်အတွင်း ပန်းအလှပင်နှင့်အရိပ်ရအပင် စုစုပေါင်း ၂၂၂၄၇၃၉ ပင် စိုက်ပျိုးပြီးဖြစ်သည်။

ရန်ကုန်မြို့တော်ရှိ လမ်းမကြီးများ၊ လမ်းမ၊ လမ်းသွယ်များတွင် ယခင်က ရရာအရိပ်ပင်များဖြင့် စိုက်ပျိုး ထားခဲ့ရာ အမျိုးအစား အနိမ့်အမြင့် ပုံစံမတူညီခြင်း၊ အကွာအဝေး မညီညွတ်ခြင်းများ တွေ့ခဲ့ရပါသည်။ ထိုနည်းတူစွာ ပြည်လမ်းတွင် ပန်းမဲဇလီအုပ်စု၊ အော်ရေးရှားအုပ်စု၊ ခရေအုပ်စု၊ ရေတမာအုပ်စုစသည်ဖြင့် အပင်စုံ ရောနှောနေခဲ့ပါသည်။

ပြည်လမ်း တစ်လျှောက်တွင် ရှိနေသည့် အပင်များအကြားတွင် အမြင့်သုံးပေရှိ ခရေပင်များကို တစ်ပင်နှင့် တစ်ပင် ပေ ၃၀ အကွာတွင် စိုက်ပျိုးထားပါသည်။ နောက်သုံးနှစ်ကြာသည့်အခါ ခရေပင်များသာ ပြည်လမ်းတစ်လျှောက်စိမ်းစိုနေပါမည်။ မလိုအပ်သည့် အပင်များကို ဖယ်ရှားပစ်ပါမည်။ ထိုနည်းတူစွာ ကမ္ဘာအေးစေတီလမ်းတစ်လျှောက်တွင်လည်း ရေတမာပင်များနှင့် စိမ်းစိမ်းစိုစိုဖြစ်ရန် ဆောင်ရွက်ထားပါသည်။ မကြာမီနှစ်များတွင် ကမ္ဘာအေးစေတီ လမ်းတစ်လျှောက် ရေတမာပင်များဖြင့်လှပသာယာစဖွယ် ဖြစ်နေမှာဖြစ်ပါသည်။

ဘုရင့်နောင် လမ်းမကြီးတွင် ပျဉ်းမပင်၊ မအူ၊ ပိတောက်၊ အော်ရေးရှား၊ ခရေစသဖြင့် အပင်များရောနှောနေပါသည်။ ထို့ကြောင့် အမျိုးအစားတူညီ၍ ပုံစံလှပပြီး Limit ထားရှိထိန်းသိမ်းခဲ့သည့်ခရေ၊ ရေတမာ၊ အုန္နဲ၊ ကံ့ကော်၊ ငါးဆူ၊ မယ်ဇယ် စသည့် အပင်များကို အနည်းဆုံး ခုနစ်ပေ အမြင့်အရွယ် ပြုစုပျိုးထောင်၍ လဲလှယ်သွားရန် စီစဉ်ဆောင်ရွက်နေပါသည်။

မြို့ပတ်သံသုမာလမ်း၊ အမှတ်(၁)၊ (၂)၊(၃)၊ (၄)လမ်းမကြီးများ၊ အင်းစိန်လမ်းအပါအဝင် လမ်းမကြီးများတွင် တစ်မျိုးတစ်စားတည်း ဖြစ်ရန်နှင့် အရွယ်အစား အနိမ့်အမြင့်တူညီသော ရေရှည်လှပသပ်ရပ်သော အပင်များနှင့် လဲလှယ်ဆောင်ရွက်သွားရန် စီမံချက်ချ ဆောင်ရွက်နေပါသည်။

တစ်မျှော်တစ်ခေါ်

အင်းလျားကန် အောက်ခြေနားတွင် ၃၀၂၅ ပေရှည် ကွန်ကရစ်ကျောက်ပြားခင်းလမ်း တည်ဆောက်ထားမှုကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရသည်။

ခံ့ညားထည်ဝါ

ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနက အဆင့်မြင့် တည်ဆောက်ထားသော ဟံသာဝတီအဝိုင်းကြီးအား ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

အင်းလျားကန် အဆင့်မြင့်ပြုပြင်ရာတွင်လည်း ပြည်လမ်းဘက်အခြမ်းကို ယခင်က မြက်ခင်း၊ ပန်းကွက်များဖြင့် ရိုးရိုးတည်ဆောက်ထားခဲ့ရာမှ ယခု ၃၀၂၅ ပေအရှည် ကန်ပေါင်တစ်လျှောက် စိမ်းစိုနေသော မြက်ခင်းပြင်များဖြင့် တန်ဆာဆင်ထားပါသည်။ ယခင်က ကန်ပေါင်ပေါ်တွင် လမ်းကျဉ်းတစ်ခုသာရှိရာ ယခု ကွန်ကရစ်နှင့် နိုင်လွန်လမ်းကျယ်ခင်းပေးခြင်း၊ ကန်ပေါင် အောက်ခြေနားတွင် ၃၀၂၅ပေရှိ ကွန်ကရစ်ကျောက်ပြားခင်းလမ်းတစ်လမ်းကို ပါတည်ဆောက်ပေးထားပါသည်။

ကမ္ဘာအေးစေတီလမ်းဘက်အခြမ်းရှိ အင်းလျားကန်ပေါင်တွင်လည်း ကိုးပေကျယ် ကျောက်ပြားခင်းလမ်း တည်ဆောက်ပေးထားပါသည်။ ပြည်လမ်းနှင့်ကမ္ဘာအေးစေတီလမ်းဘက် အခြမ်းတို့တွင် အများပြည်သူများ အပန်းဖြေရန်၊ ကျန်းမာရေးလေ့ကျင့်ရန် နေရာများနှင့်အတူ ထိုင်ခုံများ၊ အရိပ်ရထီးကြီးများ စိုက်ထူပေးထားပါသည်။ ကန်ပတ်လည်တွင် အလှစိုက်ပန်းပင်များ ပန်းကွက်များ ဖော်ပေးထားပြီးဖြစ်ပါသည်။

ဆက်လက်၍လည်း ကန်တော်ကြီးဝန်းကျင်အဆင့်မြင့် တည်ဆောက်ရေး၊ ကြည့်မြင်တိုင် ဆိပ်ကမ်းသာ ပန်းဥယျာဉ် တည်ဆောက်ရေး၊ သုဝဏ္ဏမြို့တွင် အင်ကြင်းမြိုင်ပန်းခြံ တည်ဆောက်ရေး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် အားကစားကွင်း တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေရာ လုပ်ငန်းများပြီးစီးနေပြီဖြစ်သည်။

ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနသည် ရန်ကုန်မြို့တော်ကြီးအား ဥယျာဉ်မြို့တော်ကြီးအဖြစ် လှပသာယာစိမ်းလန်းစိုပြည်နေစေရန် ဆောင်ရွက်လျက်ရှိရာ အချိန်ရှိသမျှ လှသထက်လှအောင် ဆောင်ရွက်နေရမည်သာ ဖြစ်ပေသည်။ ။

ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်

ဘိုကလေး ဇွန် ၁၈

ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ၂၀၀၄–၂၀၀၅ ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင် ဇွန် ၁၅ ရက်က ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေရင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေထွန်းနှင့် ဒုတိယဦးစီးမှူးများ၊ ဝန်ထမ်း စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေရင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေထွန်းတို့က အမှာစကားပြောကြားပြီး မူလတန်းကျောင်းသား၊ ကျောင်းသူ ၁၈ဦး၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူ ၂၇ဦး၊ အထက်တန်းကျောင်းသား၊ ကျောင်းသူ ကိုးဦး၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ၁၆ဦး စုစုပေါင်း ၇၀ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေ ကျပ် ၃၁၄၅၀၀ ပေးအပ်ချီးမြှင့်သည်။

(အောက်ပုံ) (မြို့နယ်ပြန်/ဆက်)

မြန်မာအမျိုးသမီးများ၏ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပ

ဖားကန့် ဇွန် ၃

ဖားကန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ မြန်မာအမျိုးသမီးများ၏ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ဖားကန့်မြို့ မြို့မရပ်ကွက်၊ လုံးခင်းကျေးရွာနှင့် ဆိပ်မူကျေးရွာတို့တွင် မေ ၂၃ ရက်မှ ၂၅ ရက်ထိ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးတင်ရိုန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်လင်းမော်နှင့် အဖွဲ့ဝင်များ၊ ပြည်သူများ စုစုပေါင်း ၃၀၀၀ ကျော် တက်ရောက်ကြသည်။

အဆိုပါ ပြပွဲတွင် ပုဂံခေတ်မှ စစ်ပြီးခေတ်အထိ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှု၊ ကျေးလက်သမီးပျိုများ၏ ဝတ်စားဆင်ယင်မှု၊ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု၊ အမျိုးသမီး ဝန်ထမ်းများ၏ ဝတ်စားဆင်ယင်မှု၊ လူမှုရေးအသင်းအဖွဲ့များ၏ ဝတ်စားဆင်ယင်မှု၊ မင်္ဂလာမောင်မယ် ဝတ်စားဆင်ယင်မှုတို့နှင့် ပြည်တွင်းဖြစ်အထည်၊ ဖက်ရှင်သရုပ်ပြ ဝတ်စားဆင်ယင်မှုတို့ကို ပြသခဲ့ကြောင်း သိရသည်။ **(၅၃၈)**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

သာစည် ဇွန် ၃

သာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်နှင့် ဝန်ထမ်းများသည် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး မှတ်တမ်းဓာတ်ပုံများ ပြသပေးခြင်း၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်ရေး၊ ကျေးရွာတိုင်း သတင်းစာရောက်ရှိရေးတို့ကို မေ ၂၁ ရက်မှ ၂၇ ရက်ထိ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန် မေ ၂၆ ရက်က ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့သာယာလှပရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ၊ မြို့တွင်း လမ်းများကတ္တရာခင်းခြင်း လုပ်ငန်းများနှင့် ကျေးလက် ကျောက်ချောလမ်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။ (ပြည်နယ်ပြန်/ဆက်)

အိမ်တွင်းပြုစုမှုလုပ်ငန်း အကြိုလမ်းညွှန်မှုသင်တန်းဖွင့်ပွဲ ကျင်းပ

ရွှေဘို ဇွန် ၃

မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို)နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူထုအခြေပြု အိမ်တွင်းပြုစုမှုလုပ်ငန်း အကြိုလမ်းညွှန်မှုနှင့် စေတနာလုပ်အားပေးများ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရွှေဘိုမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ဇွန် ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဝင် ဒေါ်မြမြအေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြသိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်(၁) ဦးအောင်မြင့်နောင်၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒေါက်တာမြသိန်းနှင့် အဖွဲ့ဝင်(၁) ဦးအောင်မြင့်နောင်တို့က အသီးသီး အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို)မှ အငြိမ်းစား ပါမောက္ခ ဒေါ်ခင်ကြိုင်ကြိုင်အေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းကာလ

သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား သုံးဦး တက်ရောက်ကြောင်း သိရပါသည်။ **(ခရိုင်ပြန်/ဆက်)**

မြစ်သားမြို့နယ် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်

မြစ်သား ဇွန် ၁၀

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် မန္တလေး–မြင်းခြံ မော်တော်ကားလမ်းဘေး ဝဲ၊ ယာတွင် အမှုဆောင်အရာရှိ ဦးအောင်ချင်း ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ စုပေါင်းကာ မေ ၃၁ ရက်က အရိပ်ရအပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရပင်များဖြစ်သော မန်ကျည်းပင် ၅၀၊ မဲဇလီပင် ၅၀၊ ပန်းအလှပင်များဖြစ်သည့် စကြာပန်းပင် ၁၅၀ နှင့် နွယ်သာကီပန်းပင် ၂၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇွန် ၁၀ ရက်က ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်မည့် ဆုတောင်းပြည့်ဘုရားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကျောက်စုဆောင်းရရှိမှုအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့က ကွင်းဆင်းကြီးကြပ်စဉ်။ (က–ပ)

အင်္ဂပူမြို့နယ်တွင် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

ချို့တဲ့ကျောင်းသားများအား ဗလာစာအုပ်များလှူဒါန်း

အင်္ဂပူ ဇွန် ၂

အင်္ဂပူမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့နှင့် ချို့တဲ့ကျောင်းသားများအား ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲအခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီက အင်္ဂပူမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသိန်းဖံက ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အင်္ဂပူမြို့နယ်ဥက္ကဋ္ဌ ဦးသစ်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်သန်းသန်းဝင်း၊ အသင်းဥက္ကဋ္ဌ ဒေါ်ကြင်ထွေးနှင့် မြို့နယ်အမျိုးသမီးရေးရာကော်မတီဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဌာနဆိုင်ရာများက မြို့နယ်အတွင်းရှိ အမကကျောင်းများမှ ကျောင်းနေရန် အခက်အခဲရှိသော ချို့တဲ့ကျောင်းသား၊ ကျောင်းသူများအား တန်ဖိုးငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၀၀ ကို ပေးအပ်လှူဒါန်းကြသည်။ **(၁၉၁)**

မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်မုခ်ဦး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အဖွဲ့ဝန်ထမ်းများက ပန်းအလှပင်များ စိုက်ပျိုးမှုကို ဇွန် ၇ ရက်တွင် ဆောင်ရွက်လျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) ဦးထွန်းလှအောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (က–ပ)

မြို့နယ်သတင်းများ

ကြက်ငှက် တုပ်ကွေးအကြောင်း ဟောပြော

လပွတ္တာ ဇွန် ၁၂

ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် ရွှေနဒီခန်းမတွင် ဇွန် ၅ ရက် နံနက် ၁၀ နာရီက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ တင်လှက ဟောပြောဆွေးနွေးသည်။

တက်ရောက်

အခမ်းအနားသို့ လပွတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စာရေးဝန်ထမ်းများ စုစုပေါင်း အင်အား ၃၀၀ ကျော် တက်ရောက်ကြသည်။

အလားတူ ဟောပြောပွဲကို မွန်းလွဲ ၁ နာရီတွင် လပွတ္တာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၌ ကျင်းပရာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့် မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးတင်အောင်တို့ ချောင်းဆုံမြို့နယ် ကဒေါ့ကျေးရွာ ချောင်းကူးတံတားတည်ဆောက်မည့် နေရာအား မေ ၃၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ဘုတလင် ဇွန် ၄

အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကုန်းသာကျေးရွာ အုပ်စု၊ တူးကြီးကျေးရွာတွင် မေ ၂၇ ရက်က ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူး ဒေါ်လှရွှေးတို့က အမှာစကားပြော ကြားပြီး ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးသန်းမြင့်က အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျောင်းဆောင်သစ်ကို မြို့နယ် ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်လှရွှေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆောက်လုပ်ခဲ့

အဆိုပါ ကျောင်းဆောင်သစ်ကို နိုင်ငံတော်ထည့်ဝင်ငွေကျပ်သိန်း ၃၀နှင့် ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁၀ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ်ပြန်/ဆက်)

အေအိုင်ဒီအက်စ်ရောဂါ တားဆီးကာကွယ်ရေး စီမံချက်ရှင်း

ပုသိမ် ဇွန် ၁၀

ကျန်းမာရေးဝန်ကြီးဌာန ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် World Vision AIDS Support Group တို့ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ တားဆီးကာကွယ်ရေး စီမံချက် ရှင်းလင်းပွဲ အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ မြန်မာနိုင်ငံ ဆရာဝန်များအသင်း(ခွဲ) ခန်းမတွင် ကျင်းပရာ တိုင်းကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး သိန်းလှိုင်နှင့် တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သန်းအောင်တို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးရေးကိုယ်စားလှယ် ဦးမောင်မောင်ကျော်၊ World Vision ကိုယ်စားလှယ် ဒေါက်တာ ဦးရွှေဝင်းနှင့် AIDS Support Group ကိုယ်စားလှယ် ဒေါ်နွယ်ဇင်ဝင်းတို့က အသီးသီး ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းပွဲသို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးကော်မတီ နာယက တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်လတ်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(၁၆၅)**

ကျေးလက်လမ်း ကွင်းဆင်းတိုင်းတာ

ဇလွန် ဇွန် ၁၀

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ကျောက်ချောခင်းမည့် ရေလဲ-ထုံးတပို-ချောင်းကြီး ကျေးလက်လမ်းအတွက် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမင်းလတ်နှင့်အဖွဲ့သည် လုပ်ငန်းဆောင်ရွက်မည့်နေရာ အပိုင်းလိုက်အား အသေးစိတ် ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ဆိုင်းဘုတ် စိုက်ထူ

ရွှေဘို ဇွန် ၃

ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးပြုလုပ်သော **ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့** အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူပွဲကို ရွှေဘိုမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း မေ ၃၁ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၊ ရွှေဘိုခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနာယက ဒေါ်မြမြအေး၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းဝင်များ တက်ရောက်ကြသည်။

သိကောင်းစရာ

ဆက်လက်၍ ရွှေဘိုမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ ဟောပြောပွဲကို ဆက်လက်ကျင်းပရာ ခရိုင်ကျန်းမာရေးမှူး ဒေါက်တာ မြသိန်းက ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့အကြောင်း သိကောင်းစရာများ ဟောပြောသည်။

(ခရိုင်ပြန်/ဆက်)

လက်တွန်းထွန်စက် စွမ်းရည်သရုပ်ပြ မိုးစပါးအတွက် စုပေါင်း မြေပြုပြင်

တာချီလိတ် ဇွန် ၁၀

တာချီလိတ်ခရိုင် မိုင်းကိုးကျေးရွာ အုပ်စု ဟိုရန်းကွင်းအမှတ်(၇) ဦးပိုင်အမှတ်(၄၄)ဒေါ်နန်းဟွေ့အင်၏ လယ်မြေ ၇ ဒသမ ၈၈ ဧက နေရာတွင် လယ်ယာ(၁၆) လက်တွန်းထွန်စက် စက်စွမ်းရည် ပြပွဲနှင့် တာချီလိတ်ခရိုင် မိုးစပါး အတွက် စုပေါင်း မြေပြုပြင်ထွန်ယက်ပွဲ ကို ဇွန် ၆ ရက်က ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ တာချီလိတ် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးက အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးခင်မောင်ဝင်းက မိုးစပါး စုပေါင်းမြေပြုပြင် ထွန်ယက်ရခြင်းအကြောင်း ရှင်းလင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် စက်မှုလယ်ယာဦးစီး ဌာနမှူး ဦးစီးအရာရှိ ဦးအားဂူက လယ်ယာ(၁၆) လက်တွန်းထွန်စက် လက်တွေ့အသုံးချစွမ်းဆောင်မှုစွမ်းရည် ကို ရှင်းလင်းပြောကြားသည်။

(ခရိုင်ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ဝေါမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်တစ်သိန်း ပြည့်မီရေးအတွက် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခြင်း၊ ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်းတို့အား ဇွန် ၅ရက်က အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (က-ပ)

တိုင်းအမျိုးသမီးရေးရာ ဟောပြောပွဲ ကျင်းပ

မကွေး ဇွန် ၆

မကွေးတိုင်း အမျိုးသမီးရေးရာ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၏ ဟောပြောပွဲကို ဇွန် ၄ ရက် နံနက် ၁၀ နာရီက မကွေးပညာရေးကောလိပ် အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်မိမိနှင့် အဖွဲ့ဝင်များ၊ ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးတင်ဆန်း၊ စီမံ ဌာနမှူး ဒေါ်သန်းသန်းမြင့်၊ လေ့ကျင့်ရေးဌာနမှူး ဒေါ်မြင့်မြင့်သန်း၊ လက်ထောက် ကထိကများ၊ နည်းပြဆရာ၊ ဆရာမများ၊ လုပ်ငန်းခွင်အကြို ဆရာ အတတ်သင် သင်တန်းအမှတ်စဉ်(၈)မှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ ဟောပြောပွဲတွင် ကွန်ပျူတာ ကောလိပ်မှ နည်းပြ ဦးဇော်ဝင်းမြင့်က IT Development အကြောင်းကို လည်းကောင်း၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်တင်ညွှန့်က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြောင်းကိုလည်း ကောင်း၊ အမျိုးသမီးရေးရာ ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့မှ ဒေါ်မြင့်မြင့်ကိုက **လှပတဲ့ ဝလုံးကလေးများ** အကြောင်း ကိုလည်းကောင်း အသီးသီး ဟောပြော ကြကြောင်း သိရသည်။ **(၃၃၃)**

မြို့နယ်သတင်းများ

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပဲ့ကန် (တောင်) ကျေးရွာတွင် မေ ၂၄ ရက်က နယ်လှည့် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ ပြသထားသည့် စာအုပ်စာတမ်းများကို ပြည်သူများက လေ့လာကြည့်ရှု ကြစဉ်။

(မြို့နယ်ပြန်/ဆက်)

ဖြူးမြို့နယ်၌ မြေသားလမ်း ကတ္တရာခင်း

ဖြူး ဇွန် ၄

ပဲခူးတိုင်း ဖြူးမြို့ မြို့မအနောက်ရပ်ကွက် ထန်းတပင်(၂)လမ်းကို မြေသားလမ်းမှ အရှည် ပေ ၈၀၀၊ အကျယ် ၁၀ ပေ ကတ္တရာလမ်းနှင့် အုတ်တံတားတစ်ခု အပါအဝင်ကို တစ်ဦးတည်းအလှူရှင် ဦးလှမြင့်-ဒေါ်ပြုံးရီ သား မောင်ရဲလင်းအောင် မိသားစုတို့က ငွေကျပ်သိန်း ၅၀ အကုန်အကျခံကာ စတင်ကျောက်ခင်းလျက်ရှိရာ လမ်းစနစ်တကျဖြစ်ရေးအတွက် မြို့နယ်စည်ပင်သာယာ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးညွှန့်၊ အင်ဂျင်နီယာ ဦးကျော်ထွန်းတို့က လိုအပ်သည်များကို ဇွန် ၂ ရက်က ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

လမ်းအောင်မြင်စွာ အမြန်ပြီးစီးရေးအတွက် လမ်းကော်မတီဥက္ကဋ္ဌ ဦးဘို ပါဝင်သော ကော်မတီဝင်များနှင့် လမ်းအတွင်းနေ ပြည်သူများက ပါဝင်ကူညီဆောင်ရွက်ကြကြောင်း သိရသည်။ **(၁၄၀)**

မွေးနေ့ဆုတောင်း

နိုင်သုတဦး(ပထမတန်း-G)

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း

သားလေးရဲ့ ၂၂-၆-၂၀၀၄ရက်တွင် ကျရောက်သော အသက်(၆)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝခရီးတစ်လျှောက်ထူးချွန်ထက်မြက်၍ အသက်ရာကျော်ရှည်ပါစေ---၊

ဖေဖေ –ဦးဇော်နိုင် (YOMA TIMBER TRADING)

မေမေ –ဒေါ်ငြိမ်းငြိမ်းလှိုင်(လ/ထကထိကမြန်မာစာဌာန၊ ဟသ်ာတတက္ကသိုလ်)

ညီမလေး –ပန်းသီရိသူနှင့်ရိုးမမိသားစု။

မွေးနေ့ ဆုတောင်း

မအိအိသွယ် (Botany) ရေနံချောင်း ၂၂-၆-၂၀၀၄ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်တကွ ပျော်ရွှင်လက်တွဲ၍ လိုအင်ဆန္ဒဟူသမျှ ထာဝရရရှိနိုင်ပါစေ။

ကိုမြင့်ဇော်။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

A.H.K Product Co.,Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။	**Project Manager**	ကျား (၁) ဦး
၂။	**Assistant Project Manager**	ကျား (၁) ဦး
၃။	**Regional Sale Manager**	ကျား (၂) ဦး
၄။	**Trade Marketing Officer**	ကျား/မ(၁) ဦး
၅။	**Senior Accountant**	ကျား/မ(၃) ဦး
၆။	**Office Superintendent**	ကျား/မ(၁) ဦး
၇။	**Store Keeper**	ကျား/မ(၁) ဦး
၈။	**Computer Operator**	ကျား/မ(၁) ဦး
၉။	**Sale Supervisor**	ကျား (၅) ဦး
၁၀။	**Sale Representative**	ကျား (၁၀) ဦး

အမှတ်စဉ်(၁)၊ (၂)ရာထူးအတွက် အသက်(၃၅)နှစ်မှ (၅၀)နှစ်အတွင်း BE, AGTI (Mechanical)ဘွဲ့ရပြီး၊ စက်ပစ္စည်းများနှင့် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။ အင်္ဂလိပ်စာရေး/ပြောနိုင်ရမည်။Project Planရေးဆွဲနိုင်ရမည်။ နိုင်ငံခြားတွင် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်(၃)၊ (၄)ရာထူးအတွက် အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဘွဲ့ရ၊ ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ နယ်ခရီးထွက်နိုင်ရမည်။ စီမံခန့်ခွဲမှုအတွေ့အကြုံနှင့် လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။

အမှတ်စဉ်(၅)ရာထူးအတွက် အသက်(၂၅)နှစ်မှ(၄၅)နှစ်အတွင်း B.Com(CPA),B.Com, DA,LCCI Level III အောင်မြင်ပြီးသူ၊Computerize Accounting အား ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။ စာရင်းကိုင်အတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။

အမှတ်စဉ်(၆)၊ (၇)ရာထူးအတွက် အသက်(၂၅)နှစ်မှ(၄၀)နှစ်အတွင်းဖြစ်ရမည်။ ဘွဲ့ရ၊ သက်ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ အတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။ လျင်မြန်သွက်လက်၍ အလုပ်ကြိုးစားလိုစိတ်ရှိရမည်။

အမှတ်စဉ်(၈)ရာထူးအတွက် အသက်(၂၅)နှစ်မှ(၃၅)နှစ်အတွင်း Fax, E-mail, Internet, Computerize Accounting, Software ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။

အမှတ်စဉ်(၉)ရာထူးအတွက်ဘွဲ့ရ၊ ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ နယ်ခရီးထွက်နိုင်ရမည်။ စားသောက်ကုန်လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံ(၃)နှစ်ရှိရမည်။

အမှတ်စဉ်(၁၀)ရာထူးအတွက် ဘွဲ့ရ၊ (၁၀)တန်းအောင်၊ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ နယ်ခရီးထွက်နိုင်ရမည်။ စားသောက်ကုန်လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံ(၃)နှစ်ရှိရမည်။

လျှောက်ထားလိုသူသည် တစ်လအတွင်း ရိုက်ထားသောဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။ ရွေးချယ်ခြင်းမခံရသော လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

A.H.K Product Co.,Ltd.

အမှတ်(၂၀၄)၊ ဓမ္မသုခကျောင်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၇၀၁၅၆၈၊ ၅၃၈၀၉၆၊ ၅၃၈၁၉၁။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

M.G.W Hotels & Construction Co.,Ltd. (မန္တလေးမြို့)တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။	**Project Manager**	ကျား (၁) ဦး
၂။	**Project Engineer**	ကျား (၁) ဦး
၃။	**Architecture**	ကျား (၁) ဦး
၄။	**Hotel & Tourism Marketing Officer**	ကျား/မ(၂) ဦး

အမှတ်စဉ်(၁)၊ (၂)ရာထူးအတွက် အသက်(၃၅)နှစ်မှ (၅၀)နှစ်အတွင်း BE,AGTI (Civil)ဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိရမည်။ အင်္ဂလိပ်စာရေး/ပြောနိုင်ရမည်။ Project Plan ရေးဆွဲနိုင်ရမည်။ နိုင်ငံခြားတွင် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်(၃)ရာထူးအတွက် အသက်(၃၅)နှစ်မှ (၅၀)နှစ်အတွင်း B.Archဘွဲ့ရ၊ အနည်းဆုံးလုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။

အမှတ်စဉ်(၄)ရာထူးအတွက် (၂၅)နှစ်မှ (၄၀)နှစ်အတွင်းဘွဲ့ရပြီး လုပ်ငန်းစီမံခန့်ခွဲမှုအတွေ့အကြုံနှင့်လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။နယ်ခရီးထွက်နိုင်သူ၊ Hotel & Tourism အကြောင်းနားလည်တတ်ကျွမ်းသူများအားဦးစားပေးမည်။

အထက်ပါရာထူးများသည် ပုဂံဟိုတယ်နှင့် ဆောက်လုပ်ရေးများတွင် ပူးတွဲတာဝန်ထမ်းဆောင်နိုင်ရမည်။ လျှောက်ထားလိုသူသည် တစ်လအတွင်း ရိုက်ထားသော ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း အောက်ပါလိပ်စာများသို့ လာရောက်လျှောက်ထားနိုင်သည်။ ရွေးချယ်ခြင်းမခံရသော လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

M.G.W Hotels & Construction Co.,Ltd.

အမှတ်(၂၀၄)၊ ဓမ္မသုခကျောင်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၀၁၅၆၈၊ ၅၃၈၀၉၆၊ ၅၃၈၁၉၁

အမှတ်-ကက ၁/၂၊ ၅၉လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ကန်သာယာရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၈၀၇၈၆၊ ၈၀၉၉၆

ရှောဟိုတယ် (ပုဂံမြို့ဟောင်း)

ဖုန်း-၀၂-၆၇၀၂၇၊ ၆၇၀၅၄။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်သန်း(ခ)ဒေါ်တင်တင်သန်းအေး

အသက်(၅၅)နှစ်

ဒုတိယဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း)(ညွှန်ချုပ်-ငြိမ်း၊စ-စ-စ-)၏ဇနီးသည် ၁၇-၆-၂၀၀၄ရက်တွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့

Peace Myanmar Electric Co.,Ltd.

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

စဉ်	ပစ္စည်းအမျိုးအမည်	လိုအပ်ချက်	တင်ဒါရောင်းရက်	တင်ဒါပိတ်ရက်
၁။	**Spare Parts For Box Feeder**	**14 Items**	၂၁-၆-၂၀၀၄	၂၉-၇-၂၀၀၄
၂။	**Dryer Fan Assembly**	**17 Nos**	၂၁-၆-၂၀၀၄	၂၉-၇-၂၀၀၄
၃။	**Slurry Transport Pipe & Gas Pipe**	**3 Items**	၂၁-၆-၂၀၀၄	၂၉-၇-၂၀၀၄
၄။	**Annealing Lehr Chain**	**2 Sets**	၂၁-၆-၂၀၀၄	၂၉-၇-၂၀၀၄
၅။	**Revolving Tube**	**2 Items**	၂၁-၆-၂၀၀၄	၂၉-၇-၂၀၀၄
၆။	**Spares for 250 KVA Generator**	**1 No**	၂၈-၆-၂၀၀၄	၅-၈-၂၀၀၄
၇။	**Spares For Demag Wittig Compressor**	**2 Items**	၂၈-၆-၂၀၀၄	၅-၈-၂၀၀၄
၈။	**Blower & Drag Chain**	**4 Items**	၂၈-၆-၂၀၀၄	၅-၈-၂၀၀၄
၉။	**Spare Parts For Heavy Equipment**	**140 Items**	၂၈-၆-၂၀၀၄	၅-၈-၂၀၀၄
၁၀။	**Instrumentation For Quality Control of Asbestos Fibre**	**7 Items**	၂၈-၆-၂၀၀၄	၅-၈-၂၀၀၄
၁၁။	**Die For Tile**	**9 Sets**	၂၈-၆-၂၀၀၄	၅-၈-၂၀၀၄
၁၂။	**Rubber Liner For 30 Tons Ball Mill**	**2 Sets**	၂၈-၆-၂၀၀၄	၅-၈-၂၀၀၄
၁၃။	**Gear Reducer**	**2 Items**	၂၈-၆-၂၀၀၄	၅-၈-၂၀၀၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ ရောင်းဝယ်ရေးဌာန၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါပုံစံများကို လာရောက်ဝယ်ယူနိုင်ပါသည်။ **တင်ဒါပုံစံတရားဝင်ဝယ်ယူသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။**

(အသေးစိတ်သိရှိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်-၅၆၆၂၉၅၊ ၅၆၆၂၉၂)

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။

FAME **DYSENZI**®

ဝမ်းကိုက်ဝမ်းလျှောက်ဆေး

PRIME

Language Acquisition Centre

- Grammar & Vocabulary Building (Basic / Intermediate / Advanced)
- Reading & Writing (Basic / Intermediate / Advanced)
- Essay & Letter Writing for Matriculation
- English Language & Literature for E-major students
- GCE, IELTS, TOEFL, SAT, GMAT

124, 2nd Fl., Sule Pagoda Road, (Near the City Hall), Yangon, Phone - 726624

"အမြန်ရောင်းမည်"

၁။ [illegible] (120x100') [illegible]

၂။ [illegible](35x70)RC2,MBR2,BR2,Ph;

၃။ [illegible](30x50)RC2½,BR4,Ph;

၄။ [illegible](1630sqft)2/F,W.H,Refrc.,Ph;

၅။ [illegible](18x60)G/F,Hall,[illegible]

၆။ [illegible](750sqft)1/F,BR2,[illegible]

၇။ [illegible](20x50)G/F,Hall,Ph,[illegible]

ဆက်သွယ်ရန် - ၅၀၀၅၉၅ ၅၀၀၆၄၄၊ ၅၀၂၅၀၇

(၂)နှစ်ပြည့်အလွမ်း

ဒေါ်ခင်မေ(ပုသိမ်-ကုသိန္နာရုံလမ်း)

မာမီ

မာမီသိပ်ချစ်တဲ့ သားသမီးမြေးမြစ်တွေကို စွန့်ခွာသွားတာ ဒီနေ့ ၂၂-၆-၂၀၀၄မှာ (၂)နှစ်တိတိပြည့်သွားပြီ၊ ဒီလောကကြီးထဲမှာ မာမီမရှိတော့ပေမယ့် မာမီရဲ့ပုံရိပ်တွေကို အမြဲမြင်ယောင်နေမှာပါ။

ဘာနဲ့မှ အစားထိုးမရတဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာတရားကို နေ့စဉ်အောက်မေ့သတိရနေမိတယ်၊ မာမီအတွက်ရည်စူးပြီး သမီးတို့ ပြုပြုသမျှ ကုသိုလ်ကောင်းမှုတွေကို တမလွန်ဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်ပါစေ---။

မွေးသမိခင်ကောင်းရာသုဂတိလားပါစေ---။

လွမ်းဆွတ်သတိရခြင်းများစွာဖြင့်

သမီး-မတူး

(ဒေါ်ရီရီသန်း-ရန်ကုန်)

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊

ဖုန်း-၂၄၅၆၄၅။

ဦးကိုကိုအောင်(ခ)ကိုဇော်မြင့်ထွန်း[၁၂/သခန(နိုင်)၀၂၀၅၁၅]နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသန်း[၉/မရတ(နိုင်)၀၃၁၆၅၇] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိစေအပ်ပါသည်။

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ ၅၁လမ်း၊ အမှတ်(၁၂၄)၊ ပထမထပ် နှစ်ခန်းတွဲတိုက်ခန်းများမှာ ဒေါ်မေသန်းနှင့် ခင်ပွန်းတို့ ပိုင်ဆိုင်သော အဆောက်အအုံများဖြစ်ပါသည်။ ၎င်းအဆောက်အအုံတွင် နေထိုင်လျက်ရှိသော ဦးကိုကိုအောင်(ခ)ကိုဇော်မြင့်ထွန်းနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ဒေါ်မေသန်းမသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်မေသန်း	**ဒေါ်ကြည်ကြည်မြင့်(ဥပဒေအကျိုးဆောင်)**
[၉/မရတ(နိုင်)၀၃၁၆၅၇]	**စဉ်-၁၉၁၃၉**
	၃၂လမ်း၊ ၅၇-၅၈ကြား၊
	ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

အိမ်ခြံမြေရောင်းမည်

ဆေးလိပ်လုပ်ငန်းရှင်များနှင့်အထူးသင့်တော်သည့် ပဲခူး၊ ဟင်္သာကုန်းဘုရားအနီး၊ မြေငါးဧကပေါ်တွင် နှစ်ထပ်တိုက်တစ်လုံး၊ ဂိုဒေါင်တစ်လုံး (ဆေးလှန်းတလင်း တွဲလျက်) နှစ်လက်မ အဝီစိတွင်းတစ်တွင်း၊ ၄၄၀ဗို့မီတာတစ်လုံး၊ အိမ်သုံးမီတာနှစ်လုံးအပါ၊ ညှိနှိုင်းဈေးဖြင့်။

စုံစမ်းရန်-၀၁-၅၇၇၉၈၆။

ဒေါ်စိန်ရင်

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၁)၊ ဒဂုဏ်သီရိလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးဖိုးဟန်-ဒေါ်လှိုင်)တို့၏သမီး၊ (ဦးစိုးညွန့်)၏ဇနီး၊ (ဦးကြီးမောင်)၏ညီမ၊ (ဦးဘသောင်း)၊ (ဦးသိန်းအောင်)-ဒေါ်တင်ရီ၊ (ဒေါ်ကြန်)တို့၏အစ်မ၊ ဦးစိုးမြင့်(ဗဟိုတရားရုံးရှေ့နေ/ဘာသာပြန်)-ဒေါ်အုန်းအုန်း၊ ဦးမြင့်စိုးခင်မြတ်သူစာပေ)-ဒေါ်သက်သက်ဆွေတို့၏မိခင်၊ ကိုအောင်ကျော်စိုး-မအိသူဇာလှ၊ မခင်သီတာစိုး၊ မောင်နိုင်လင်းစိုး၊ မောင်ကျော်ဇေယျ၊ မခင်မြတ်သူ၊ မောင်ဝင်းပိုင်မိုးတို့၏ဘွားဘွား၊ မြစ်တစ်ယောက်၏ဘွားဘွားကြီးသည် ၁၇-၆-၂၀၀၄ရက်တွင် အခန်း-၂၊ တိုက်-၂၁၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးထွန်းရှိန်

အသက်(၈၀)

(လျှပ်စစ်အငြိမ်းစား)

မော်ကွန်းဝင် ဒုတိယဆင့်

ရေးမြို့နယ်အသင်းဝင်၊

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်

မော်လမြိုင်မြို့၊ ရေးမြို့နယ်နေ (ဦးကြူ-ဒေါ်နှင်းမေ) တို့၏သား၊ ရွှေပြည်သာနေ (ဦးညွန့်မောင်) - ဒေါ်တင်တို့၏သားသမက်၊ ရွှေလင်ပန်းနေ ဦးသာမြတ်-ဒေါ်ခင်အေး၊ ဦးကျော်သောင်း-ဒေါ်မြင့်တို့၏အစ်ကို၊ ရွှေပြည်သာနေ ဦးစိုးညွန့်-ဒေါ်ကျင်လှိုင်၊ တောင်ဒဂုံနေ မောင်အောင်-မအေးအေးမော်၊ လှိုင်သာယာမြို့နေ ဦးသိုက်မောင်-ဒေါ်ကြူကြူမြင့် (နိုဘယ်စာပေ)၊ မကြည်ကြည်မြင့်၊ မအေးအေးခိုင် (M.E.P.E) ရုံးချုပ်၊ မောင်ဇော်မိုး (E.I.M Co.,Ltd.) တို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ ဒေါ်တင်လှ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၅-၆-၂၀၀၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၇-၆-၂၀၀၄ (ကြာသပတေးနေ့)တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဌေးအောင်(ခ)

တန်အိစိန်း

အသက်(၅၄)နှစ်

(သရက်)

ရန်ကုန်မြို့၊ လသာမြို့နယ် (၇)ရပ်ကွက်၊ အမှတ်(၃၂၆)၊ ပထမထပ်၊ ၂၄လမ်းနှင့် ကမ်းနားလမ်းထောင့်နေ (ဦးခင်စန်း-ဒေါ်လှစိန်)တို့၏သား၊ လှိုင်မြို့နယ်(၅၇)လမ်း၊ သုခလမ်းနေ(ဦးအိကျင်-ဒေါ်နု)တို့၏သားသမက်၊ ဒေါ်တင်တင်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မကေခိုင်အောင် (ဒု-နှစ်အင်္ဂလိပ်-ဒဂုံတက္ကသိုလ်)၏ဖခင်၊ ဦးဌေးကျော်-ဒေါ်ခင်လှ၊ ဦးကျင်-ဒေါ်ခင်ဌေးမြင့်၊ ဦး အောင်ကျော်-ဒေါ်ခင်ဌေးရီတို့၏ညီ/မောင်၊ ဦးဌေးဝင်း-ဒေါ်ရီရီအောင်တို့၏ အစ်ကိုသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌၁၉-၆-၂၀၀၄နေ့တွင် ကွယ်လွန်သွားပါ၍ယင်းနေ့ နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အမည်ပြောင်းခြင်း

အဘ ဦးထွန်းလွင်၏ သား၊ ကြံခင်းမြို့၊ ဆဌမတန်း(က)မှ မောင်ဝင်းကိုကိုအား မောင်အောင်ကိုမင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ကိုမင်း။

အမည်ပြောင်းခြင်း

အဘ ဦးအောင်ကျော်မင်း၏ သား၊ ကော့သောင်းမြို့၊ အဏ္ဏဝါ ရပ်ကွက်တွဲဖက်အလက စတုတ္ထတန်းမှ မောင်ဖိုးပြည့်ဖြိုးအား ယနေ့မှစ၍ မောင်ဇော်ထူးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

ဇော်ထူးအောင်။

အမည်ပြောင်းခြင်း

ဦးအောင်ကျော်သိန်း၏ သမီးများဖြစ်ကြသော လှိုင်မြို့နယ် အထက(၄)၊ တတိယတန်း(က)မှ မခြူးခြူးအား မခြူးခြူးအောင်ဟု လည်းကောင်း၊ မဂျူးဂျူးအား မဂျူးဂျူးအောင်ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မခြူးခြူးအောင်၊
မဂျူးဂျူးအောင်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ဧက/၄၂၃ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၁၅)ရက် အတွင်း ကညနတိုင်းရုံး (ရန်ကုန်) သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်ကြည်ကြည်စိန်၏ ခင်ပွန်းဖြစ်သူ ဦးခင်မောင်စိုး[၉/ပမန(နိုင်) ၁၆၅၂၅၈]သည် လက်ထပ်ပေါင်းသင်းပြီးသည်မှ ယနေ့ထိ ဇနီးနှင့် မိသားစုအပေါ် ကျွေးမွေးထောက်ပံ့ခြင်းမပြုဘဲ ကျွန်မအား ကိုယ်စိတ်နှစ်ပါးဆင်းရဲစေခြင်း၊ လူမှုရေးအသင်းအဖွဲ့နှင့် မိတ်ဆွေတို့အပေါ် သိက္ခာချခြင်းတို့ကြောင့် သိက္ခာကျခြင်းနှင့် အရှက်ရခြင်းများ အကြိမ်ကြိမ်ခံစားရပါသဖြင့် ၎င်းအပေါ် ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှုအမှတ်-၆၂၀/၂၀၀၄ဖြင့် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ ဦးခင်မောင်စိုးနှင့် ပတ်သက်ပြီး ပေါ်ပေါက်လာသည့် ကိစ္စအဝဝတို့သည် ကျွန်မနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်စိန် [၁၂/ကမတ(နိုင်) ၀၂၁၂၃၆]
အမှတ် ၁၉၁(က)၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဦးမောင်မောင်သွင်
အသက်(၈၂)နှစ်
လဝကမှူး(ငြိမ်း)

(ဦးချစ်ဖေ-ဒေါ်အေးတင်)တို့၏သား ကြီး၊ (ဒေါ်ရင်မေ)၏ ခင်ပွန်း၊ ဦးမောင်မောင်စိန်-ဒေါ်ညွန့်ကြည်၊ ဦးမြင့်အောင်(မြို့တော်စည်ပင်၊အတွင်းရေးမှူး)-ဒေါ်အေးအေးသွင်တို့၏ အစ်ကိုကြီး၊ ဒေါ်နွဲ့နွဲ့အေး(လဝကမှူး) - ဦးတိုးတိုး (မြို့တော်စည်ပင်)၊ မမော်မော်တို့၏ဖခင်သည် ၂၀-၆-၂၀၀၄ရက် နံနက် ၅နာရီတွင် ကွယ်လွန်ပါ၍ ၂၄-၆-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်တင့်
အသက်(၇၉)နှစ်
(ညောင်လေးပင်)

ညောင်လေးပင်မြို့နေ (ဦးထွန်းမြတ်-ဒေါ်စိန်ဥ)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်း မြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ သုမန(၄)လမ်း၊ အမှတ်(၈၆၁)နေ (ဦးပါ)၏ချစ်လှစွာသောဇနီး၊ ဦးတင်မောင်-ဒေါ်ခင်ခင်၊ ဦးတင်အောင်-ဒေါ်ထွေးကြည်၊ (ဦးချစ်သောင်း)-ဒေါ်တင်မြင့်တို့၏အစ်မကြီး၊ ဦးမောင်မောင်-ဒေါ်ကြည်ဌေး၊ ဦးမျိုးဝင်း-ဒေါ်ခင်အေးယီ၊ ဦးအောင်ကြည်စိုး-ဒေါ်ခင်ဝင်း၊ ဦးမြင့်ဆွေ-ဒေါ်ခင်မာရီ၊ ဦးခင်ဝင်း-ဒေါ်ကြည်ကြည်ဝင်း၊ ဦးအောင်ဝင်း-ဒေါ်ညွန့်ညွန့်၊ ဦးဇော်ဝင်း၊ ဦးဆန်းဝင်း-ဒေါ်အေးအေးမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၅ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၆-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၆-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ပိုး
အသက်(၉၇)နှစ်
(ဒေးဒရဲ-ပန်းမဉ္ဇူ)

ဒေးဒရဲမြို့၊ အမှတ်(၃)၊ သဇင်လမ်းနေ (ဦးခွမ်းနား)၏ ဇနီး၊ (ဦးမြ)-ဒေါ်ရွှေဝါ၊ ဦးကျော်စိန်၊ ဦးကျော်မြင့်-ဒေါ်နန်းအဲစော၊ ဦးမင်းလွင်-ဒေါ်တင်ကြည်၊ ဒေါ်သန်းသန်းဌေး(ဒေါ်ဖြူ)တို့၏ မိခင်၊ ဒေါ်ဌေးဌေးဝင်း၊ ဦးတင်နွယ်-ဒေါ်ကြည်ကြည်မြင့်၊ ဦးသိန်းဇံ-ဒေါ်ခင်လှ၊ ဦးသိန်းဇော်၊ ဒေါ်မြင့်မြင့်သန်း(ပန်းမဉ္ဇူ အလုပ္ပြုပြင်ရေး)၊ တက္ကသိုလ်ဟန်မင်းဦး (မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ စာကြည့်တိုက်မှူး)၊ ဦးမျိုးမင်းလတ်၊ ဦးသက်မောင်-ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းရွှေ-ဒေါ်အေးအေးသန်း၊ ဒေါ်ချိုချိုဝင်းတို့၏ အဘွား၊မောင်ဇေယျာဦး(ဆေးတက္ကသိုလ်၊ မကွေး)၊ မျိုးမင်းအောင်၊ မြမျက်ခြယ်၊ နှင်းနန္ဒာဦး၊ဖူးပြည့်ပြည့်ဖြိုးတို့၏ ဘွားဘွားကြီးသည် ၂၁-၆-၂၀၀၄(တနင်္လာနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ဒေးဒရဲသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်လီရွှေအွယ်
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉လမ်း၊ အမှတ်(၁၉၂)၊ ဒုတိယထပ်(ဝဲ)နေ (ဦးချောင်ပေါင်းရင်)၏ဇနီး၊ ဦးဝင်းမောင် - ဒေါ်သန်းသန်း၊ ဦးခင်မောင်ဝင်း-ဒေါ်လီချွန်ဂို၊ ဦးကျော်ဝင်း-ဒေါ်မိမိလှိုင်၊ ဦးတင်မောင်-ဒေါ်ဖြူဖြူဝင်း၊ (ဦးမျိုးဝင်း)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၄ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၀-၆-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၆-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အင်မြိုင်
အသက်(၈၉)နှစ်
စာတိုက်မှူး(ငြိမ်း)
(ထားဝယ်)

ထားဝယ်မြို့၊ ပိန္နဲတောရပ်နေ (ဦးအေး-ဒေါ်ဖွားခင်)တို့၏ သမီး၊ ဒေါ်တင်လှိုင်၏ အစ်မ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်-၂၀၀ (ဒု-ထပ်)ပန်းဆိုးတန်းလမ်းနေ (ဦးလှိုင်ပို)၏ဇနီး၊ ဒေါက်တာဦးသက်တင် (ခြံသေ့ညီနောင်ဆေးခန်း)-ဒေါ်ခင်အေးသန်း၊ [ဒေါ်တင်စိန်(စိမ်း)၊ တွဲဖက်ပါမောက္ခ-ဓာတုဗေဒဌာန]၊ ဦးကျော်စိန် (ရေကြောင်းအင်ဂျင်နီယာချုပ်၊ငြိမ်း)-ဒေါ်ခင်မမ၊ဦးအောင်နိုင်ဦး-ဒေါ်ညာကြည် (တွဲဖက်ပါမောက္ခ၊ ပုသိမ်တက္ကသိုလ်)၊ ဦးဘွန်သိန်း(ဒု-ညွှန်မှူး၊ စိုက်/စီ)-ဒေါ်အေးအေးသွင်၊ ဒေါက်တာဦးတင်ဝင်း(ထိပ်တန်းဆေးခန်း) - ဒေါ်စန်းစန်းရီ(အထပြ-ငြိမ်း၊လ/၄၊သဃ်န်းကျွန်း)၊ဦးအေးကြူ-ဒေါ်ရီရီထွေး(အထပြ၊ ပုဇွန်တောင်-၄)၊ ဒေါ်ရီရီလှ(အာရုတော်ဝင်ဆေးခန်း)တို့၏ ချစ်လှစွာသောမိခင်၊ မြေး၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၁-၆-၂၀၀၄ရက် နံနက် ၁း၅၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စောကျင်
အသက်(၈၈)နှစ်
(ဒါးက)

ပုသိမ်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၂)နေ (ဦးထီးရား-ဒေါ်သက်မေ) တို့၏ သမီး၊ ဒါးကမြို့နေ (ဦးစစ်ဟိုက်)၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးညွန့်ဟန် (ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနဌာန)-ဒေါ်မြင့်မြင့်အောင် (အငြိမ်းစားကျောင်းဆရာမ)၊ ဦးကျော်သင်းအောင်(3rd Engineer, PCL Singapore)-ဒေါ်စန်းစန်းလှ(ထက်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ (ဦးစိန်ချိုအောင်)-ဒေါ်သန်းသန်းညို (ခရေကဖီး၊ဒါးကမြို့)၊ ဆရာဦးသန်းထွန်း(သင်္ချာဌာနမှူး၊ GTC ပုသိမ်)-ဒေါ်သက်ရည်၊ဦးစောထွန်းမိုး(2nd Officer, GSN Shipping Co., Ltd, Japan)-ဒေါ်ခင်သန်းညွန့်တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်စောကျင်သည် ၁၉-၆-၂၀၀၄(စနေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၆-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ သရောင်းချောင်း မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

အရာခံဗိုလ်ချစ်လှိုင်(ငြိမ်း)
အသက် (၇၆)နှစ်

ဒါးပိန်မြို့နေ (ဦးချမ်းအေး-ဒေါ်လုံး) တို့၏သား၊ ဟင်္သာတမြို့၊ နိဗ္ဗာန်ရွာနေ (ဦးဖိုးသန်း-ဒေါ်ယုံ)တို့၏ သားသမက်၊ တောင်ဒဂုံနေ ဒေါ်ရင်ရွှေ၏ အစ်ကို၊ မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်စံပြ ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၁)နေ ဒေါ်သန်းရွှေ၏ ခင်ပွန်း၊ ဦးမြင့်ထွန်း-ဒေါ်ခင်မာလာနိုင်၏ ဖခင်၊ ကိုအောင်ဆန်းဦး-မအိန္ဒြာထွန်း (L'oreal)၊ ကိုသူရိန်ထွန်း(Traders Hotel)၊ မဂန္ဓမာထွန်း (Final YrChem၊ ဒဂုံတက္ကသိုလ်) တို့၏ အဘိုး၊ မောင်ကျော်ဆန်းဟိန်း (အထက-၅၊မင်္ဂလာဒုံ)၏ အဘိုးသည် ၂၀-၆-၂၀၀၄ရက် မွန်းလွဲ ၂း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၆-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းစန်းဝေ(ခ)ပုပု
B.A(Hist)
အသက် (၄၄)နှစ်
(စစ်တွေ)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ အမှတ်(၂၄)နေ၊ (ဦးကျော်ဇံလှ)-ဒေါ်ညွန့်တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၃၅)၊ အခန်း(၄)နေ ဦးဘဌေး-ဒေါ်လှရီတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မာဃ(၁၃)လမ်း၊ အမှတ်(၄၇၂) နေ ဦးတင်မောင်ဌေး၏ဇနီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်း၊ အမှတ် (၆၀)နေ(ဦးဖြူမောင်)-ဒေါ်ဦးရီ၊ ဦးမောင်ရွှေ-ဒေါ်လှသိန်း(အထက-၁၊ သန်လျင်၊ ငြိမ်း)၊ (ဦးမောင်မောင်လတ်)-ဒေါ်ယဉ်မေ၊ ဦးမြသာ(ဆည်မြောင်း)၊ ဦးမောင်မောင်မြင့်(ဘရေ)-ဒေါ်တင်နု(အလည)၊ ဦးခင်စိုး-ဒေါ်သန်းသန်းနုတို့၏ ညီမ၊ တူ၊ တူမ ၁၁ယောက်တို့၏အဒေါ်သည် ၂၁-၆-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုသက်ခိုင်အောင်(ခ)
ကိုစည်သူ (၂၅)နှစ်

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးမြလှိုင်-ဒေါ်ခင်မြမြတို့၏သား၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုက်(၄)၊ နှင်းဆီလမ်း၊အခန်း(၁၅)နေ ဦးကျော်မြင့်-ဒေါ်လှလှဌေးတို့၏ သားသမက်၊ ကိုမျိုးသန့်-မနီလာတို့၏ ညီ/မောင်၊ မောင်အောင်သူဟိန်း၏အစ်ကို၊မဥမ္မာအောင်၏ ချစ်လှစွာသော ခင်ပွန်း၊ သံသာသက်ခိုင်အောင်(ES4E)၏ဖခင် ကိုစည်သူသည် သူ့ပါကြ ဆေးခန်း၌ ၂၀-၆-၂၀၀၄ရက် နံနက် ၂း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး
ဒေါ်သိန်းနွဲ့
အသက်(၇၈)နှစ်
(ကျိုက်ပိ)

ကျိုက်ပိမြို့နေ(ဦးစန်းရင်-ဒေါ်အေးမေ)တို့၏သမီး၊ (ဦးဘသန်း၊ ဒေါ်စော)တို့၏သမီးချွေးမ၊ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊အမှတ်(၂၂)နေ ပွဲစားကြီးဦးသောင်း၏ဇနီး၊(ကိုဇော်နိုင်)-မဝင်းဝင်းမာတို့၏ မိခင်၊ ဒေါ်ငြိမ်းကြည်၊ ဒေါ်ခင်သန်း၊ ဦးကဝိဓ၊ ဦးဝင်းဌေး (မြန်မာ့အလင်း၊ ငြိမ်း) - ဒေါ်စန်းရီ (အလက-၁၊ လမတ၊ ငြိမ်း)၊ ဦးလှစိုး-ဒေါ်ခင်နု(မန်နေဂျာ၊ငွေစုဘဏ်-၃)တို့၏ အစ်မကြီး၊ ကိုဉာဏ်လင်း-မယဉ်ယဉ်စိုး၊ မအေးအေးမာ၊ ကိုဇော်မင်း၊ ကိုအောင်ဝင်းဟန်(ဘဏ်ခွဲ-၂)တို့၏ကြီးဒေါ်၊ မောင်စောရန်နိုင်၏အဘွား ဒေါ်သိန်းနွဲ့သည် ၂၀-၆-၂၀၀၄ရက် ည ၁၁း၂၅နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၆-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများနံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းဟန်
အသက်(၆၂)နှစ်
ဒု-လုံခြုံရေးမှူး
မင်္ဂလာဒုံဥယျာဉ်မြို့တော်ဇေကမ္ဘာကုမ္ပဏီ

ရွှေတောင်မြို့နေ (ဦးငွေမောင်-ဒေါ်စိန်တု)တို့၏သား၊ ဝေဘာဂီမြို့သစ်နေ (ဦးထွန်းရီ)-ဒေါ်ချစ်သွင်တို့၏ သားသမက်၊ အမှတ်(၅/၂၄၄)၊ သီတာလမ်း၊ ဝေဘာဂီမြို့သစ်နေ ဒေါ်သောင်းသောင်းမြင့်၏ခင်ပွန်း၊ မောင်ပြည်ကျော်ဟန်၊ မဇွန်ဟန်ဖြိုး(စည်ပင်ထုတ်လုပ်ရေးဌာန)၏ဖခင်သည်၂၀-၆-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၆-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့်၁၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မခင်နှင်းဝေ(ပိုးပိုး)
အသက်(၃၃)နှစ်
ထုတ်လုပ်ရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက်(၃)၊ အခန်း(၂၀)နေ ဦးမောင်စိန်၏တူမ၊ လှိုင်သာယာမြို့နယ်နေ ဦးအောင်သန်း-ဒေါ်အုန်းတင်တို့၏ချစ်လှစွာသောသမီးလေး၊ မတာ၊ မတင်တင်မာ၊ ကိုအပါ၊ ကိုမျိုးမင်းဟိန်း၊ မမိမိစိုး၊ ကိုသိန်းတိုး၊ မလဲ့လဲ့မိုးတို့၏ညီမ၊ မောင်မြတ်မင်းထွေး၏ အစ်မသည် ၂၀-၆-၂၀၀၄(တနင်္ဂနွေနေ့)ညနေ၄း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၆-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဗိုလ်ကြီးခင်မောင်ရွှေ(ငြိမ်း)
OTS (°8°)
အသက်(၇၂)နှစ်
မန်နေဂျာ(ငြိမ်း)
ကိုယ်စားလှယ်ဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
Shipping Consultant, PHEE Int'l Shipping (Myanmar) Ltd.

(ဦးချိုဘွယ်-ဒေါ်ငွေရင်)တို့၏သား၊ (Mr A.E Pereira-ဒေါ်ငြိမ်းရင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရိပ်သာ၊ တိုက်(၄)၊ အခန်း(၆)နေ ဒေါ်ခင်မာရီသန်း၏ခင်ပွန်း၊ ဦးရန်အောင်ရွှေ-ဒေါ်ကေသွယ်အေး၊ (ဦးရှိန်းရွှေ)-ဒေါ်ခင်နီနီ၊ ဦးသန့်ဇော်သွင်-ဒေါ်သန္တာရွှေ၊ ဦးကိုကိုသန်း-ဒေါ်ချိုလေးရွှေတို့၏ ချစ်လှစွာသော ဖခင်၊ မခင်ချစ်ချစ်ချော၊ ထူးကိုကို၊ ချိုမေကို၊ သက်နှင်းဆက်တို့၏ ချစ်လှစွာသော အဘိုး၊ (ဒေါ်ခင်ချို)၊ (ဗိုလ်မှူးခင်အောင်၊ ငြိမ်း)၊ ဗိုလ်မှူးခင်မောင်မြင့်(ငြိမ်း)၊ ဒေါ်ခင်ချိုရီတို့၏ ညီ/မောင်၊ ဒေါ်ခင်မြချို၊ ဒေါ်ခင်အေးချိုတို့၏အစ်ကို ဦးခင်မောင်ရွှေသည် ၂၀-၆-၂၀၀၄(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၂-၆-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁၁၅)၊ ကျုံးကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ဦးနောဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်းဒါယကာကြီး
ဦးအောင်ကျော်
(စာရေးဆရာတက္ကသိုလ်တင့်လွင်ဦး)
အသက် (၇၁)နှစ်

သံတွဲမြို့နေ(ဦးမောင်တုတ်-ဒေါ်ကျင်ဥ)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကစံရပ်ကွက်၊ပုလဲလမ်း၊အမှတ်-၁၇ (တတိယထပ်)နေ(ဒေါ်တင်ရီ)၏ခင်ပွန်း၊ ကိုဝေဇော်ဦး-မတင်တင်ဝင်း၊ ကိုဌေးအောင်ဦး၊ မအေးသီဂီဦး-ကိုကျော်ဝင်းထွန်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မခင်ရတနာဇော်၊ မောင်ကောင်းမြတ်ထက်၊ မောင်ထက်အာကာကျော်တို့၏ အဘိုးသည် ၂၁-၆-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်ပါ၍၂၃-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်အေး(ခ)ဖွားအွေ့ကြုံး
အသက်(၆၁)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့နေ (ဦးစိန်တင်)-ဒေါ်တင်ကြည်(ခ)ဒေါ်ဖွန်တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၈)၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်နေ (ဦးချစ်ဆုံ-ဒေါ်တင်) (ချယ်ရီဖိနပ်ဆိုင်)၊ (ပန်းချယ်ရီဖိနပ်ဆိုင်၊ ဗိုလ်ချုပ်ဈေး)တို့၏ သမီးချွေးမ၊ ဦးတင်လှ-ဒေါ်မြင့်မြင့်စီ(ဝင်းကမ္ဘာပလတ်စတစ်၊ မော်လမြိုင်)၊ ဦးသိန်းဝင်း-ဒေါ်ကျင်မေတို့၏ အစ်မ၊ အမှတ်(၈၁၃)၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်နေ ဦးနေစိုး၏ ဇနီး၊မခင်လတ်လတ်ကျော်(ခ)မသောဘီစိုး (B.Sc Chemistry)၊ မခိုင် ဆွေငြိမ်းအေး (ခ)မပုံ့ပုံ့(B.C.Sc)(Hons)၊မောင်စစ်ပိုင်စိုးတို့၏ ကျေးဇူးရှင်မွေးသမိခင်သည် ၂၁-၆-၂၀၀၄(တနင်္လာနေ့) နံနက် ၇း၄၀နာရီတွင် အာရုတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
မောင်မျိုးအောင်စိုး(ခ)ကိုမျိုး
အသက်(၂၇)နှစ်

သံဖြူဇရပ်မြို့၊ စက်သစ်ရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(မ/၈၇)နေ (ဦးစန်းအောင်-ဒေါ်မာတွတ်)၊ ဦးရွှေမြ-ဒေါ်ရင်ထွေး(စိုးမိုးစတိုး)တို့၏မြေး၊ ဦးစိုးသိန်း-ဒေါ်နီနီရွှေတို့၏သား၊မချိုချိုခိုင်၏ အစ်ကို မောင်မျိုးအောင်စိုး(ခ) ကိုမျိုး၏ ၁၄-၆-၂၀၀၄ ရက် ဈာပနအခမ်းအနားတွင် ရွှေရင်ကွေ့သုသာန်သို့ လိုက်ပါ ပို့ဆောင်ပေးကြသော ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား လည်းကောင်း၊ ဝမ်းနည်းကြောင်း သတင်းစာဖြင့် မေးမြန်းကြသော ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ အစစအရာရာ ကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေသူငယ်ချင်းများကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ထားရှင်
အသက်(၈၅)နှစ်
(တိုက်ကြီး)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၈)၊ ဇေယျာဝတီ(ဗဟို)လမ်းနေ (ဦးကောက်-ဒေါ်ကျင်မြိုင်)တို့၏သမီး၊(ဦးဟန်စိန်)၏ဇနီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၄၀)၊ ရုံးကြီးလမ်းနေ ဦးစိုးလှိုင် (စက်မှု-၁၊ အငြိမ်းစား)-ဒေါ်ကြူကြူနွယ်(စက်မှု-၁၊အငြိမ်းစား)၊ဦးသိန်းဝင်း(သစ်တောဦးစီးဌာန၊ မန္တလေး)-ဒေါက်တာခင်ခင်အေး (ပဲခူးမြို့နယ်ပြည်သူ့ဆေးရုံ)၊ ဦးစိုးဝင်း-ဒေါ်ခင်မေစီတို့၏ ချစ်လှစွာသောကျေးဇူးရှင် မွေးသမိခင်၊ မောင်ဇေယျာလှိုင်၊ မောင်သူရိန်လှိုင်၊ မစုမြတ်ခင်၊ မဝင်းလဲ့ခင်၊ မောင်မင်းသူရစိုး၊ မမေသီတာစိုးတို့၏ ချစ်လှစွာသော အဘွား ဒေါ်ထားရှင်သည် ၂၀-၆-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၆-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ကပ္ပတိန် ဦးခင်မောင်သန်း(စစ်တွေသင်္ဘော)၏ မိခင် ဒေါ်ခင်သန်းသည် ၁၈-၆-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းဝန်ထမ်းမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မအိအိသက်ပိုင်ကျော်(ခ)မဂူး (၁၇)နှစ်သည် ၉-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

မဂူးလေးကောင်းရာသုဂတိလားပါစေ-

အန်တီလင်းလင်း(တောင်ကြီး)။

ဒေါ်နန်း
အသက်(၇၈)နှစ်
(ကျိုက်လတ်)

ရန်ကုန်မြို့၊ အမှတ် ၃၉၊ ပတ္တမြားလမ်းနေ (ဦးနောက်တိုး-ဒေါ်လှ)တို့၏ သမီး၊ ဦးလှ၏ဇနီး၊ ဦးဖိုးကြည်-ဒေါ်စန်းငွေ၊ ကိုကြည် (ဒေါ်စန်းမြင့်)၊ ဦးညွန့်မောင်-ဒေါ်ခင်ပု၊ ဦးဝင်းမောင်-ဒေါ်သိန်းပု၊ ဦးသိန်းမြင့်-ဒေါ်ဌေးဌေးတို့၏ မိခင်၊ မြေး ၁၅ယောက်၊မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၆-၂၀၀၄ရက် နံနက်၈း၄၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၃-၆-၂၀၀၄ (ဗုဒ္ဓဟူး နေ့)မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများနံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်
အသက်(၆၂)နှစ်
(စမ်းကန်ကျေးရွာ၊ နတ်မောက်မြို့)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ အမှတ်-၄၅၄(ခ)၊ ၃/မာန်ပြေ(၁၁) လမ်းနေ ဦးတင်မောင် (အမက-ငြိမ်း)၏ ဇနီး၊ မနှင်းဝေ၊ မမြမွန်၊ ကိုကျော်ရွှေ-မနှင်းဆွေ၊ ကိုသောင်းလွင်-မခင်စန်းကြည်၊ ကိုမြင့်ထွန်း၊ ကိုခိုင်စိုး-မတင်ဝေ၊ ကိုယုဖေ-မမျိုး၊ မနှင်းဌေးတို့၏ချစ်လှစွာသော မိခင်သည် ၂၀-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၆-၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ဝါဝါအေး
အသက်(၅၁)နှစ်
(သုဝဏ္ဏ)

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက်(၃၇/၃)နေ ဦးချစ်အေး-(ဒေါ်ရွှေတင်)တို့၏သမီး၊ မန္တလေးတိုင်း၊ စိန်ပန်းရပ်နေ(ဦးသောင်းညွန့်)-ဒေါ်သောင်းတို့၏ ချွေးမ၊ ဦးမြင့်ဖေ(Seaman-Navigation Co-BKK)၏ ဇနီး၊ မခိုင်သီရိဖေ B.Sc (Bot)၊ မောင်ပြည့်ဖြိုးဖေ 3rd Year (Chem) ဒဂုံတက္ကသိုလ်တို့၏ မိခင်၊ ဦးအေးမင်းသူ-ဒေါ်စမ်းစမ်းအေး၊ ဦးအေးမင်းအောင်-မအေးအေးမြင့်၊ ဦးအေးမင်းဇော်-ဒေါ်ခင်စိုးငြိမ်း၊ ဦးသန်းထွန်းဦး - မဝင့်ဝင့်အေးတို့၏ အစ်မကြီးသည် ၂၀-၆-၂၀၀၄ရက် နံနက်၀၀း၄၅နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင် ရေဝေးအစ္စလာမ်သင်္ချိုင်း၌ ဒါဖနာပြီးပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဟန်သိန်း
အသက်(၇၆)နှစ်
ရွှေပန်းထိမ်
(မိုးကုတ်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်(၁၆၇)လမ်း၊ တိုက်(၃၆)၊အခန်း (၉)၊တာမွေကြီး(ခ)ရပ်ကွက်နေ ဒေါ်သန်းနု၏ ခင်ပွန်း၊ ကိုလွှမ်းမိုး-မကေသွယ်တို့၏မွေးသဖခင်၊ မောင်ဟိန်းထက်၏ချစ်လှစွာသောအဘိုးသည် ၂၀-၆-၂၀၀၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၂-၆-၂၀၀၄(အင်္ဂါနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၃နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ရှမင်းခန်း(ခ)ဦးမြင့်အောင်
အသက်(၆၁)နှစ်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အမှတ်(၃၃)၊ ၁၂၆ လမ်းနေ (ဦးဟာဘစ်ခန်း-ဒေါ်ရာမက်ဘီ)တို့၏သား၊ ရရှီဒါဘီ(ခ) ဒေါ်ဖြူဖြူဝင်း၏ ခင်ပွန်း၊ မောင်မောင်လွင်၊ ချိုမာလွင်၊ ညီညီလွင်တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၂၀-၆-၂၀၀၄ရက် နံနက် ၇နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ ဇဟိုရ်နမာဇ်အပြီး ရောင်နက်ဗလီမှ ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးအောင်ဇော်မင်း(အာယု)
အသက်(၄၉)နှစ်
အ-ထ-က(၂)၊ ကမာရွတ်
ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ၂လမ်း၊ အမှတ် (၂)၊ အခန်း(E)နေ (ဦးမင်းကြည်)-ဒေါ်အုန်းရင်တို့၏ သား၊ (ဦးတင်စိုး-ဒေါ်ဖွားကြည်)တို့၏ သားသမက်၊ ဒေါ်နှင်းဆီ၊ ဒေါ်မေသန်းနွယ်တို့၏ချစ်လှစွာသောခင်ပွန်း၊ (ဦးဝင်းနိုင်အေး)-ဒေါ်ခင်ခင်စိုး၊ (ဦးမောင်မိုးဟိန်း)-ဒေါ်နုနု၊ဦးအောင်မိုးမင်း-ဒေါ်မြမြစိန်တို့၏ ညီ/မောင်၊ ဦးလှသမိန်-ဒေါ်အမာစိန်၊ ဒေါ်အေးအေးမင်း၊ ဦးထူးမင်း-ဒေါ်လဲ့လဲ့တို့၏အစ်ကို၊ မောင်ပိုင်းနန္ဒာ၊ မဂျူးနန္ဒာ၊ မေဝေဿန်(ခ) ပိုကေးကိုတို့၏ ချစ်လှစွာသော မွေးသဖခင်သည် ၁၉-၆-၂၀၀၄(စနေနေ့) နံနက် ၀၀း၂၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၀၄ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီထိအထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလ လမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈ ကြေးနန်းလိပ်စာ ကြေးမုံ စာတည်းမှူးများ ၂၅၁၈၀၁၊ စာတည်းမှူး ၂၅၁၈၀၄၊ သတင်းထောက် ၂၅၁၈၀၃၊ မန်နေဂျာ ၂၅၁၈၀၂၊ စီစဉ်ရေး ၂၅၁၈၀၅၊ ဖြန့်ချိရေး ၂၅၁၈၀၈၊ ကြော်ငြာ ၂၅၅၃၇၃၊ ပုံနှိပ် ၂၅၁၈၀၆။ R/184

ဖွံ့ဖြိုးရေးဒေသကြီးများတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး တက္ကသိုလ်၊ကောလိပ်၊သိပ္ပံများ ဖွင့်လှစ်ခဲ့ အဆင့်မြင့်ပညာရပ်များကို စေတနာထားသင်ကြားပို့ချပြီး ပညာတတ်များများစားစား ထွက်ပေါ်လာရေးဆောင်ရွက် ဒေသခံပညာတတ်များ တိုးပွားလာမှသာ ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်သယ်ပိုးသွားနိုင်မှာဖြစ်

ရန်ကုန် ဇွန် ၂၁

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇွန် ၁၉ရက် နံနက် ၁၁နာရီတွင် လွိုင်ကော်မြို့ ပြည်နယ် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းအေးနှင့် သမားတော်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမျိုးသားဆေးကုသဆောင်၊ အမျိုးသမီး ဆေးကုသဆောင်၊ ခွဲစိတ်အထူးကုလူနာဆောင်၊ အရိုး၊ အဆစ်၊ အကြော ထိခိုက်ဒဏ်ရာ အထူးကု လူနာဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားဆောင်၊ ဓာတ်မှန်ဆောင်၊ ရောဂါရှာဖွေရေးဌာန (ဓာတ်ခွဲခန်း)၊ အမျိုးသားသွေးလှူဘဏ်နှင့် ရောဂါရှာဖွေရေးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို မှာကြားသည်။

မယ်စဲ့မြို့

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် လွိုင်ကော်မြို့မှ မယ်စဲ့မြို့သို့ ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးဟန်ညွန့်၊ မယ်စဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အစိုးရကွန်ပျူတာကောလိပ်(လွိုင်ကော်) ကွန်ပျူတာခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သက်တွဲဝန်းရဲ့ အမျိုးသားညီလာခံ

ရန်ကုန် မိုးရေချိန်

(၂၁–၆–၂၀၀၄)

ရန်ကုန်မြို့လယ်	–	၂ ဒသမ ၇၂ လက်မ
ကမ္ဘာအေး	–	၂ ဒသမ ၅၅ လက်မ
မင်္ဂလာဒုံ	–	၁ ဒသမ ၇၀ လက်မ

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ အစည်းအဝေးဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၂၁

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၈)၌ ဆက်လက်ကျင်းပရာ အစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ **စာမျက်နှာ ၁၀ ကော်လံ ၄ သို့** ❒

ယူရို–၂၀၀၄ အုပ်စု(က)၏ အဆုံးအဖြတ်ပွဲဖြစ်သည့် ပေါ်တူဂီနှင့် စပိန်အသင်းတို့ပွဲတွင် ပေါ်တူဂီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းပေးသူ နူနိုဂိုမက်ဇ် အောင်ပွဲခံစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒိန်းမတ်နိုင်ရန် အလားအလာများ သိက္ခာအတွက် အီတလီ အနိုင်ယူရမည်

သတင်းဆောင်းပါး –ဂမ်ဆိုင်း

ရန်ကုန် ဇွန် ၂၁

အုပ်စု(ဃ)တွင် ချက်သည် ခြောက်မှတ်ဖြင့် ဇယားထိပ်မှ ရပ်တည်လျက်ရှိသည်။ ဂျာမနီက နှစ်မှတ်ဖြင့် ဒုတိယရနေသည်။ ဟော်လန်နှင့် လတ်ဗီးယားတို့က တစ်မှတ်စီရထားကြသည်။ ချက်နှင့်ဂျာမနီ၊ ဟော်လန်နှင့် လတ်ဗီးယားတို့ ကစားရန် လက်ကျန်ပွဲရှိသေးသည်။ ချက်က အုပ်စုပထမရရန် သေချာသွားပြီဖြစ်သည်။ အုပ်စုဒုတိယသည် ဟော်လန်၊ ဂျာမနီ၊ လတ်ဗီးယားတို့ထဲမှ တစ်သင်းသင်းဖြစ်ပေလိမ့်မည်။

အုပ်စု(ဂ)၏ ပွဲစဉ်များသည် အုပ်စု(ဃ)ပွဲစဉ်များနှင့် ဆက်စပ်လျက်ရှိနေသည်။သို့ဖြစ်၍ (ဂ)အုပ်စုမှ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❍